# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၈) ရက် ၊ တနင်္လာနေ့ ၊ (20-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊စစ်သည်များကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား



**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# မဟုတ်မမှန်သတင်းမှားများ ယုံကြည်မှုမထားရေး

ယခုလတ်တလောကာလတွင် အများပြည်သူအကျိုးစီးပွား ပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများ၌ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရသည်။ အဆိုပါလူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် **Website** များတွင် ဖြန့်ဝေနေသော ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်ပါသည်။ အလားတူ အချို့ပုဂ္ဂလိကဘဏ်များတွင် ဝန်ထမ်းများကို လစာများ ကြိုတင်ထုတ်ပေးကြောင်း သတင်းများသည်လည်း သတင်းမှားများသာ ဖြစ်ပေသည်။

ထို့ကြောင့် ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲ အသီးသီးတွင် **Core Banking System** စနစ်အရ အများပြည်သူအပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာ သိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပါကြောင်း၊ ထို့ပြင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်း ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ပေးချေမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်များ၏ **Customer** များကလည်း ပုံမှန်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဘဏ်များထံမှ ရယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ စက်သုံးဆီနှင့်ပတ်သက်၍လည်း ပြည်တွင်း၌ ကောလာဟလသတင်းများ ထွက်ပေါ်နေပြီး ပြည်ပက ပြည်ဖျက်မီဒီယာများကလည်း ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိနေသည်။ ထိုသို့ ကောလာဟလသတင်းများ ထုတ်လွှင့်ရာတွင် စက်သုံးဆီရောင်းချသည့် ခွဲတမ်းလျှော့ချကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆီဝယ်ယူရန် ဒေါ်လာချမပေးကြောင်း၊ စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်နေကြောင်း စသည့်ကောလာဟလသတင်းများကို ထုတ်လွှင့်နေခြင်းဖြစ်သည်။ ထိုကဲ့သို့ ကောလာဟလသတင်းများ ထုတ်လွှင့်နေခြင်းသည် မဟုတ်မမှန်သတင်းမှားများဖြစ်ပေသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိရာ သိုလှောင်ကန်များသို့ နိုဝင်ဘာ ၁၄ ရက်တွင် စက်သုံးဆီသင်္ဘောသုံးစီးမှ စက်သုံးဆီများကို ချယူဖြည့်တင်းလျက်ရှိသည့်အပြင် ထပ်မံဝင်ရောက်လာမည့် စက်သုံးဆီတင်သင်္ဘောများလည်းရှိနေသေးပေသည်။ ထိုကဲ့သို့ ဝင်ရောက်လာသော စက်သုံးဆီများကို နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရောင်းဆိုင် ၁၈၇ ဆိုင်သို့ ဆီသယ်ယာဉ် ၃၆၇ စီးဖြင့် **92 Ron** ဂါလန် လေးသိန်းကျော်၊ **95 Ron** ဂါလန် နှစ်သိန်းလေးသောင်းကျော်၊ ဒီဇယ်ဂါလန် သုံးသိန်းနှစ်သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဂါလန် သုံးသိန်းငါးသောင်းကျော်ကိုလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၁၇၈ ဆိုင်သို့ ဆီသယ်ယာဉ် ၉၂၈ စီးဖြင့် **92 Ron** ဂါလန် တစ်သန်းနှစ်သိန်းကျော်၊ **95 Ron** ဂါလန် နှစ်သိန်းငါးသောင်းကျော်၊ ဒီဇယ်ဂါလန် ခုနစ်သိန်းကျော်၊ ပရီမီယမ် ဒီဇယ်ဂါလန် ဆယ်သိန်းကျော်ကိုလည်းကောင်း ဖြည့်တင်းပေးလျက်ရှိသည်။

သို့ဖြစ်ရာ အများပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများ ဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသကဲ့သို့ ပြည်သူများအနေဖြင့် အဆိုပါမဟုတ်မမှန်သော သတင်းအမှားများကို ယုံကြည်မှုမထားကြရန် အသိပေးရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ကုလားပဲ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးဈေးကွက်အတွင်း ကုလားပဲ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ကုလားပဲများသည် ယခုရက်ပိုင်း မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခင်ရက်ပိုင်းက မန္တလေးဈေးကွက်အတွင်း ကုလားပဲ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ရှိခဲ့ရာမှ ယခုအခါ ကုလားပဲ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကုလားပဲက လူကြိုက်များတဲ့ ပဲအမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလဲ အာဟာရဖြစ်တဲ့အပြင် အရသာမှာလဲ ကောင်းမွန်တဲ့အတွက် ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အခုချိန်မှာ ကုလားပဲကို ပြည်တွင်းစားသုံးမှုများနေရုံတင်မကဘဲ ပြည်ပကိုလဲ တင်ပို့နေရပါတယ်။ ကုလားပဲကို အိန္ဒိယဝယ်လက်တွေကလဲ ဝယ်ယူနေကြပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ကုလားပဲကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အထက်အညာဒေသတွင် အဓိကအများဆုံးစိုက်ပျိုးကြပြီး အောက်ပိုင်းဒေသများတွင် ဟင်္သာတဒေသတစ်ဝိုက်နှင့် ပဲခူးဒေသတစ်ဝိုက်တို့၌ အနည်းငယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဗမာကုလားပဲ၊ ထိုင်ဝမ်ကုလားပဲ၊ V2၊ V7၊ 929 စသည်ဖြင့် အမျိုးမျိုးရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၁၈၇၉၃၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးချမ်းတဲ့အတွက် နယ်တွေကကော၊ မြို့ပေါ်ကပါ လာရောက်ဘုရားဝတ်ပြုသူတွေ၊ တရားထိုင်သူတွေလဲ ရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ နေပူ၊ မိုးရွာတဲ့အခါ ဘုရားဖူးတွေ မိသားစုလိုက်၊ အဖွဲ့လိုက်အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်အဆောက်အအုံတွေ ဆောက်လုပ်ပေးထားပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၈၅၇၉၀ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ညနေထိ ဘုရားဖူး ၁၂၂၂ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၂၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးချို၊ကုသိုလ်တော်ဘုရား၊မန္တလေးတောင်နှင့်အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၇၀၀ ကျော်ထိရှိလာ

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးဈေးချို၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင်ဦးရေ ၁၇၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃)ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုအခါ တန်ဆောင်တိုင်ကာလ နီးကပ်လာပြီဖြစ်၍ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ များပြားလျက်ရှိကြောင်း သိရသည်။

"အခုတစ်လော မန္တလေးမြို့မှာက လိုင်းကားတွေပေါ်မှာ လိုက်ပါစီးနင်းသူအများဆုံးကတော့ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်တဲ့ ခရီးသည်တွေအများဆုံးပါ။ နယ်ကနေလာတဲ့ လိုင်းကားစီးနင်းပြီး မန္တလေးမြို့တွင်း ဘုရားဖူးမဲ့ခရီးသည်တွေလဲ အခုတစ်လော တော်တော်လေးများလာတယ်။ တန်ဆောင်တိုင် ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်ကလဲ နီးလာပြီဆိုတော့ အချို့နယ်တွေကနေ မန္တလေးမြို့ပေါ်ကို အဝတ်အထည်၊ အစားအသောက်၊ လူသုံးကုန်ပစ္စည်းတွေ ဝယ်ယူတဲ့ ခရီးသည်လဲ များလာတယ်"ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးဈေးချို၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ နိုဝင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၆၀၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုတစ်လော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှု အများဆုံးလမ်းကြောင်းကတော့ မန္တလေးဈေးချို၊ ကုသိုလ်တော်ဘုရားနဲ့ ရွှေကျောင်းကြီးဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများပါတယ်"ဟု ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝန်ဖို့ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ဝန်ဖို့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ အကျယ် ၁၂ ပေ၊ အနက် ၁၃ ပေရှိ လက်တူးအုတ်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်း၊ အရှည်ပေ ၁၅၀၀၀ ရှိသော ကျေးရွာတွင်း အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈၂ ဒသမ ၉ သန်းဖြင့် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇွန်လ ၂၆ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပါက ဝန်ဖို့ကျေးရွာရှိ အိမ်ခြေ ၁၇၁ အိမ်မှ လူ ၉၆၇ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တံခွန်တိုင်ရပ်နေ ဒေါ်ဝင်းကြည်နှင့် သား၊ သမီး၊ မြေး မိသားစုက ဦးတင်မောင် အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ကျားပျံစပါးအချော ၂၄ ပြည်ဝင် အိတ် ၉၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ကျားပျံစပါးအချော ၂၄ ပြည်ဝင်အိတ် ၉၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက ကျားပျံစပါးအချော ၂၄ ပြည်ဝင်အိတ် ၇၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးအချော ၂၄ ပြည်ဝင်အိတ် ၉၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါစပါးကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က နေ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလက ကျားပျံစပါးအချော ၂၄ ပြည်ဝင်အိတ်ရေ ၉၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ လက်ရှိစပါးအသစ်တွေ စတင်ပေါ်နေပါပြီ။ ရန်ကုန်ဘက်က ကျားပျံစပါးကို အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ကျားပျံစပါးအပြင် အခြားအကြမ်းအုပ်စုမှာပါဝင်တဲ့ စပါးအမျိုးအစားတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အခြားစပါးအမျိုးအစားတွေနဲ့ယှဉ်ရင် လတ်တလော ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ ကျားမရေးရာအသိပညာပေးသင်တန်း ပို့ချ

**ရမည်းသင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများ ရရှိလာစေရန်ရည်ရွယ်၍ ဇီးဖြူကုန်းကျေးရွာ၌ ကျားမရေးရာ အသိပညာပေး သင်တန်းပို့ချခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျားမရေးရာအသိပညာပေးသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ သင်တန်း တက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူစာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျားမရေးရာ အသိပညာပေးသင်တန်းသို့ ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျားမရေးရာအသိပညာပေး သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊လက်တွေ့ နှစ်မျိုးဖြင့် တစ်ရက်ကြာအခမဲ့ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သနပ်ပင်မြို့နယ် ကျိုက်မင်းကလော့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းရွာကျောင်းစုကျေးရွာအုပ်စု ကျိုက်မင်းကလော့ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတာဝန်ခံတို့နှင့်အတူ ကျိုက်မင်းကလော့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

သနပ်ပင်မြို့နယ် ကျိုက်မင်းကလော့ကျေးရွာ၌ အလျားပေ ၁၁၉၀၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# သဘောတရားနဲ့ လက်တွေ့ဘဝ

ချစ်နိုင်(စိတ်ပညာ)

**❖ ကံ - ကံရဲ့အကျိုး၊ အကောင်းအဆိုး၊ အကြောင်းအကျိုးဟူသမျှဟာ ဘယ်သူမပြု မိမိမှုသာဖြစ်ပေါ်နေခြင်းပေါ့။ ဘဝရဲ့ နိယာမသဘောတရားတွေကို နည်းနည်းသိရရင် နည်းနည်းကျင့်သုံးပြီး အနည်းငယ်ကောင်းကျိုးရပါတယ်။ များများသိလာပြီး များများကျင့်သုံးရင် ပိုမိုများပြားတဲ့ ကောင်းကျိုးကိုရပေတယ်။ သိမြင်ခြင်းနဲ့ ကျင့်သုံးခြင်းဆိုတဲ့ အရာနှစ်ခုပေါင်းမှသာ ထိုးထွင်းသိရှိ နားလည်သဘောပေါက်ခြင်းအဆင့်ကို ရောက်ရပါတယ်။ ❖**

**တစ်ရံရောအခါ**

အကြောင်းခြင်းရာ စရရင်တော့ အသက် ၂၀ ဝန်းကျင် လူငယ်လုလင်နှစ်ဦး ဇာတ်ပွဲ မိုးလင်းကြည့်ခဲ့တဲ့ အဖြစ်အပျက်ကို စတင်ပြောပြရမှာပဲ။ ရှေးအခါကာလ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ အချိန်ဆီက မာဂဓတိုင်း ရာဇဂြိုဟ်မြို့ကြီးမှာ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းအခါရာသီမျိုးဆိုရင် ကျွန်တော်တို့ဆီ မန္တလေးမြို့ကြီးမှာ ဘုရားပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ စင်တင်ဖျော်ဖြေပွဲတွေ ဆက်နေသလိုပဲပေါ့။ တောင်ငါးလုံးကာရံထားသလို ဗဟိုအချက်အချာ ရာဇဂြိုဟ်မြို့ဟာလည်း တောင်ပေါ်က ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ပွဲလမ်းသဘင်တွေ အဆက်မပြတ် ပျော်ပွဲရွှင်ပွဲတွေပေါတယ်ဆိုပဲ။

ကာလသားလူပျိုလူရွယ်တွေအကြိုက်ပေါ့။ လူငယ်ဆိုတာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေတတ်ကြတဲ့ အရွယ်ရဲ့သဘောပါပဲ။ ဥပတိဿနဲ့ ကောလိတဆိုတဲ့ လူငယ်သူငယ်ချင်းနှစ်ယောက်ဟာ အသက်အရွယ်တူဖြစ်ကြသလို မိဘတွေချင်းလည်း ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပဲလေ။ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဟာ တစ်တွဲတွဲနဲ့ စားအတူ၊ သွားအတူ၊ ဇာတ်ပွဲသွားကြည့်ကြရာမှာလည်း မခွဲဘဲ အတူတကွသွားကြည့်ခဲ့ကြတယ်။ မိုးလင်းအထိပဲ။

ဇာတ်ပွဲက ဇာတ်ကြောင်းသဘာဝ ရှေ့ပိုင်းမှာ အပျိုးတွေ၊ အပြတွေက ရယ်စရာပျော်စရာ၊ အလယ်ပိုင်းဇာတ်ကွက်တွေက ကြည်နူးစရာ၊ အားတက်စရာ။ ပရိသတ်ကို ဖမ်းစားဖျော်ဖြေကြတာ ထုံးစံအတိုင်းပေါ့။ ဇာတ်လမ်းနောက်ပိုင်းရောက်လာတော့ အခက်အခဲတွေ၊ အဆင်မပြေမှုတွေနဲ့ ဆင်းရဲသူက ဆင်းရဲ၊ သေသူကသေ၊ ရှင်ကွဲသေကွဲ ခွဲခွာကွဲကွာကြရလို့ ငိုကြယိုကြအလွမ်းဖွဲ့တဲ့အပိုင်းမှာ ကြေကွဲဝမ်းနည်းစရာတွေ ကြည့်ရတော့တာကိုး။

**ဇာတ်ပွဲကအပြန်**

လူသေတာကို မမြင်ဖူး၊ မကြားဖူးသေးတဲ့ သူဌေးမိသားစုထဲက လူငယ်နှစ်ယောက်ဟာ လူ့ဘဝဆိုတာ ပျော်ရွှင်စရာတွေနဲ့ ပြီးနေတာမဟုတ်ဘဲ အိုကြ၊ နာကျင်ရ၊ သေကျေရ၊ ပူဆွေးငိုကြွေးကြရတဲ့အဖြစ်ဆိုးတွေလည်း ရှိတတ်ပါကလားဆိုတာ ဇာတ်ပွဲဇာတ်လမ်းကြည့်ရှုပြီး တရားသံဝေဂရကြတယ်။ ထိတ်လန့်တုန်လှုပ်သွားမိတယ်။

ဒါဆိုရင် ငါတို့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ တရားအကျင့်ရှိလေမလား ရှာဖွေကြမယ်။ တွေ့လာပြီဆိုရင် အပြန်အလှန်အသိပေးကြရအောင်ကွယ်လို့ တရားအကျင့်ပညာဆည်းပူးဖို့ ဆရာအရှာထွက်သွားကြတယ်။ ဇာတ်ပွဲမိုးအလင်းကြည့်ပြီး အိမ်ကိုမပြန်ကြတော့ဘူး။

တိုအောင်ချုံ့ပြောရရင်တော့ မြတ်စွာဘုရား ဂေါတမဗုဒ္ဓ သက်တော် ၃၅ နှစ်အရွယ်၊ မိဂဒါဝုန် ဥယျာဉ်တောဝယ်၊ ဝါဆိုလပြည့် ညနေခင်းတရားဦး ဓမ္မစက္ကပဝတ္တနသုတ်ကို အဦးဆုံးနာယူခဲ့ရတဲ့ ငါးပါးအနက်မှ အနတ္တလက္ခဏသုတ်ကိုပါ နာယူကျင့်သုံးပြီး ရဟန္တာဖြစ်တဲ့ အရှင်အဿဇိဆွမ်းခံရာ၊ ဆွမ်းဘုဉ်းပေးတာကို ကြည်မြင်အကဲခတ်ပြီး အရှင်ဘုရားရဲ့ ဆရာဘယ်သူပါလဲ။ သူဟောတဲ့တရားက ဘာများလဲမေးတဲ့အခါ “ငါလည်း ဒီအဆုံးအမသာသနာတော်၌ ရဟန်းပြုပြီးတာမကြာသေးပါ။ အကျယ်မဟောနိုင်ပါ” ဆိုတော့ အကျဉ်းမျှပဲဖြစ်ဖြစ် သိခွင့်ပေးပါဘုရား လျှောက်ထားတော့-

**သဘောတရား**

**“ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့်ဖြစ်ကုန်၏။ ထိုဖြစ်ဖြစ်သမျှတို့၏ အကြောင်းကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထိုထိုဖြစ်ဖြစ်သမျှတို့၏ ချုပ်ရာကိုလည်း ဟောကြားတော်မူ၏။ ထိုထိုဖြစ်ဖြစ်သမျှတို့၏ ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကိုလည်း ဟောကြားတော်မူ၏။”**

“ဤမျှနှင့် ရပ်တန့်တော်မူပါဘုရား။ (ငါမျှော်မှန်းသော တရားအထူးကို အပြည့်အစုံ ငါသိရပေတော့မည်ဆိုတာ သူသဘောပေါက်သွားတဲ့အတွက်) သင့်ဆရာမြတ်စွာဘုရားဟာ ယခုဘယ်မှာရှိနေသလဲ” မေးတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်လည်းသိရော ငယ်သူငယ်ချင်း တရားရှာဖော် ကောလိတဆီ အမြန်ဆုံးရောက်လာပြီး **“ယေဓမ္မာဟေတုပ္ပဘဝါ”** ဂါထာကို ပြောပြသတဲ့။ အရှင်အဿဇိမထေရ်က ဥပတိဿတရားရှာရသေးကို သစ္စာလေးပါး မြတ်တရားကို သိစေခဲ့တယ်။ ဥပတိဿရသေးက သူ့မိတ်ဆွေကောလိတကို ထပ်ဆင့်သိမြင်နားလည်စေခဲ့တယ်။

ဥပတိဿနဲ့ ကောလိတတို့ဟာ တရားထူးကို ဘယ်လိုရှာရမလဲမသိ။ တောရမ်းတောင်ရမ်း စမ်းတဝါးဝါးနဲ့ ဆရာတချို့ဆီ တပည့်ခံပြီး “တပ” အကျင့်တို့ကို ကျင့်ခဲ့စမ်းခဲ့ကြပြီးပြီ။ မြတ်စွာဘုရားရှင်ရဲ့ သစ္စာလေးပါး မြတ်စွာတရား၊ ပဥ္စဝဂ္ဂီငါးဦးကို သင်ကြားပြသခဲ့တဲ့ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အနှစ်ချုပ်ကြားနာရတဲ့အခါ ဓမ္မကို ကောင်းစွာသိမြင်သွားကြပြီ။

**ဓမ္မ**

ဓမ္မဟူသမျှတို့ဟာ “အရိယသစ္စာ” လို့ ခေါ်ဆိုရမယ့် အမှန်တရားလေးမျိုးသာရှိပေတယ်-

၁။ **ဒုက္ခသစ္စာ**=ဆင်းရဲခြင်းဖြစ်တည်မှုအမှန်

၂။ **သမုဒယသစ္စာ**=ဆင်းရဲဖြစ်စေကြောင်းအမှန်

၃။ **နိရောဓသစ္စာ**=ဆင်းရဲမှလွတ်ကင်းခြင်းအမှန်

၄။ **နိရောဓဂါမိနီပဋိပဒါ**=ဆင်းရဲမှ လွတ်ငြိမ်းစေတဲ့ **မဂ္ဂသစ္စာ**၊ သိကျင့်ရကြောင်း လမ်းအကျင့် ရှစ်ပါးအမှန်။

သဘောတရားအရ ကိစ္စညာဏ်ဆိုတာရှိပါသေးတယ်။ **ဒုက္ခသစ္စာမှာ** အနိစ္စ=ဘာမှမမြဲ ပြောင်းလဲရွေ့လျားနေခြင်းသဘော၊ ဒုက္ခ=အလိုမကျ၊ ဆင်းရဲနေရခြင်းသဘော၊ အနတ္တ=ငါမရှိ၊ ငါမဟုတ်၊ ငါမပိုင်၊ ဘာမျှအစိုးမရခြင်းသဘော၊ ဤသဘောသုံးရပ်မှအပ အခြားမရှိ။

**သမုဒယသစ္စာမှာ** အဝိဇ္ဇာ- မသိမမြင်မှုနှင့် တဏှာ လိုချင်တပ်မက်မှုတို့၏ အပေါင်းပါကိလေသာများရှိတယ်။

**နိရောဓသစ္စာမှာ** သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာတို့ဟာ တစ်ဖန်ပြန်လို့မဖြစ်တော့ခြင်းသဘောအားဖြင့် ချုပ်ကြတယ်။

**မဂ္ဂသစ္စာမှာ** မဂ္ဂင်ရှစ်ပါးတို့ဟာ အခြားဆိုင်ရာဆိုင်ရာ ဗောဓိပက္ခိယတရားတွေနဲ့အတူ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိခြင်းဖြစ်တယ်။

**အရိယသစ္စာ**

ဥပတိဿက အရှင်အဿဇိထံမှ မြတ်စွာဘုရားဟောပြောတဲ့တရားတော်ကို ကြားရလျှင်ကြားရခြင်း မိမိအချစ်ဆုံးသူငယ်ချင်းကောလိတကို သတိရတယ်။ ကောလိတက တရားတော်ကို သူငယ်ချင်းဆီက ကြားရလျှင် ကြားရခြင်း သူ့ရဲ့ဆရာတော်ခဲ့ဖူးတဲ့ သိဥ္စည်းဆရာကြီးကို သတိရတယ်။ ဘာပဲပြောပြော သူ့ဆီမှာ တပည့်အကျင့်တွေ နည်းယူကျင့်ခဲ့ဖူးတယ်။ ကျေးဇူးရှိခဲ့တယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ အတူတကွခေါ်ဆောင်သွားပြီး ဘုရားရှင်ကို ဖူးတွေ့ချင်တယ်။

ဥပတိဿက သဘောတူပါတယ်။

ကောလိတနဲ့အတူလိုက်ပါပြီး ဂိုဏ်းချုပ် သိဥ္စည်းဆရာကြီးကို သွားပြီး ဟောပြဖိတ်ခေါ်ကြတယ်။

“ဥပတိဿ၊ ငါက ဂိုဏ်းခေါင်းဆောင်ကွ။ ငါ့ရဲ့ဂိုဏ်းမှာ ငါက အိုးကြီးသဖွယ်ဖြစ်ပေတယ်။ ဗုဒ္ဓဆိုတာက ခွက်ကလေးလောက်ပဲ သေးသေးငယ်ငယ်လေးပါ။ အသက်အရွယ်အရကော၊ အတွေ့အကြုံအရကော မာနနဲ့နှိုင်းယှဉ်ပြီး တပည့်မခံချင်ဘူးပေါ့။ ခေါ်လို့မရခဲ့ပါဘူး။

ကောလိတနဲ့ ဥပတိဿတို့ဟာ တပည့်အချို့နဲ့ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို ရောက်လာတဲ့အခါ မြတ်စွာဘုရားက ပရိသတ်ကို တရားဟောကြားနေဆဲအချိန်ဖြစ်နေတယ်။ ဘုရားရှင်က “သာရိပုတ္တရာနဲ့ မောဂ္ဂလ္လာန်တို့ လာကြ၊ လာကြ” လို့ ရင်းရင်းနှီးနှီး အမည်ခေါ်ဝေါ်ပြီး နေရာပေးတယ်။

ဥပတိဿရဲ့ မိခင်သာရီပုဏ္ဏေးမကို အစွဲပြုပြီး ရဟန်းဘွဲ့ သာရိပုတ္တရာ၊ သာရီပုဏ္ဏေးမရဲ့သား လို့ခေါ်ခြင်း။

ကောလိတဟာလည်း မောဂ္ဂလီ ပုဏ္ဏေးမရဲ့သားဖြစ်တာမို့ မိခင်အစွဲပြုပြီး ရဟန်းဘွဲ့ မောဂ္ဂလ္လာန်လို့ခေါ်ခြင်းပါ။ မြတ်စွာဘုရားရှင်ရဲ့ ကြီးမားတော်မူတဲ့ ဂုဏ်ပြုခြင်းပါ။ ရဟန်းအဖြစ်ပြုခွင့်တောင်းကြရာ ဘုရားက ရဟန်းပြုခွင့်ပေးပါတယ်။

**အရှင်နှစ်ပါး**

ရှင်မောဂ္ဂလ္လာန်ဟာ ရဟန်းဖြစ်ပြီး ခုနစ်ရက်မြောက်နေ့မှာ ရဟန္တာဖြစ်ပါတယ်။

ရှင်သာရိပုတ္တရာကတော့ ရဟန်းဖြစ်ပြီး ၁၅ ရက်မြောက်တဲ့နေ့မှာ ရဟန္တာဖြစ်ပါတယ်။

ဘုရားရှင်ထံ တပည့်ခံပြီး မဆည်းပူး မနာယူနိုင်ဘူးဆိုတဲ့ သိဥ္စည်းဆရာကြီးကတော့ စိတ်နှလုံးထိခိုက်ကြေကွဲ စိတ်ကျရောဂါနဲ့ ကွယ်လွန်သွားရှာပါတယ်။ မြတ်စွာဘုရားရဲ့ သစ္စာလေးပါး မြတ်တရားကို နာကြားသွားခွင့် မရရှာပါဘူး။

ရှင်သာရိပုတ္တရာဟာ ပညာအရာမှာ မြတ်စွာဘုရားမှလွဲပြီး လောကမှာအတော်ဆုံး၊ အချွန်ဆုံးဖြစ်တော်မူပါတယ်။ မြတ်စွာဘုရား နတ်ပြည်မှာ ဟောကြားတဲ့ အဘိဓမ္မာတရားတော်ကို လူပြည်ဝယ် ဘုရားရှင်ကိုယ်စား မတိုမရှည် အနှစ်သာရ တိကျစွာ ဟောကြားပေးတဲ့ ကျေးဇူးရှင် ရဟန္တာ လက်ယာတော်ရံ အရှင်မြတ်ပါပဲ။

**မွေးမေ့ကျေးဇူး**

ပရိနိဗ္ဗာန်မစံဝင်ခင် ဉာဏ်တော်နဲ့ ဆင်ခြင်တဲ့အခါ ရာဇဂြိုဟ်ပြည်အနီးက နာလကရွာကြီးမှာ မိခင်အိုကြီး ဖြဟ္မဏရှုပသာရီဟာ သားအကြီးဆုံးအပါအဝင် သားသမီး ခုနစ်ဦးစလုံးက မြတ်စွာဘုရားသာသနာမှာ ရဟန်းနဲ့ သီလရှင်ပြုသွားလို့ သားကြီးမောင်ဥပတိဿကို အမုန်းကြီး မုန်း၊ စိတ်အနာကြီးနာနေတဲ့ မွေးမိခင်ကို မပျံလွန်ခင် ဇာတိရွာရှိ အမေ့အိမ်မှာ၊ အမေ့ကို တရားပြပြီး သစ္စာလေးပါး မြတ်တရားကို ဟောလေမှလို့ သတိရခဲ့မိပါတယ်။ မြတ်စွာဘုရားရဲ့ တာဝန်ပေးချက်အရ အခြားအခြားတာဝန်တွေလည်း ကျေပွန်ခဲ့ပြီးပြီ။ နောက်ဆုံးထွက်သက်ကိုတော့ အမေ့အိမ်ပြန်ပြီး မိမိမွေးဖွားလာခဲ့တဲ့အခန်းထဲမှာ မိခင်ကြီးကို တစ်ကြိမ်တည်းသော နောက်ဆုံးတရားကို ဟောတော်မူသွားပါတယ်။

ရှင်သာရိပုတ္တရာ ပျံလွန်တော်မူခန်းဟာ အလွန်တရာ စိတ်ထိခိုက်ကြေကွဲစရာကောင်းလှတဲ့ မိခင်နဲ့သားသမီးခုနစ်ယောက်ထဲက အမေအားအကိုးခဲ့ဆုံးသော သားကြီးတစ်ဦးရဲ့ အိမ်ပြေးဘဝမှ ဘုရားရှင်ရဲ့ လက်ယာတော်ရံ ညာလက်ရုံး ရဟန္တာကြီးဖြစ်နေတာတောင် မသိရှာဘဲ သွေးဝမ်းရောဂါ အသည်းအသန်ဖြစ်မှ အမေ့အိမ်ကို ပြန်လာဖော်ရရှာတဲ့ အမေ့သားကြီး၊ စိတ်နာခဲ့ရသမျှ သနားမျက်ရည်ကျနေတဲ့ မိခင်ရဲ့ ကြေကွဲပူပန်မှုကို စာနာမိပါတယ်။

**တန်ခိုးရှင်**

အရှင်မဟာ မောဂ္ဂလ္လာန်လက်ဝဲတော်ရံ ရဟန္တာမြတ်ကြီးဟာလည်း ရှေးအခါတစ်ခုသောဘဝမှာ ဇနီးမိုက် အလိုအကြိုက်လိုက်ပြီး အဖေအို၊ အမေအို မျက်မမြင် မိဘနှစ်ပါးကို နွားလှည်းနဲ့ တောရပ်ကိုတင်ခေါ်သွားပြီး ရိုက်နှက်နှိပ်စက်သတ်ဖြတ်ခဲ့ဖူးတဲ့ ဘဝဝဋ်ကြွေးကြောင့် တန်ခိုးအရာပြိုင်ဘက်ကင်းတော်လွန်းထူးချွန်လွန်းလို့ နေ့စဉ်နေ့စဉ် နတ်ပြည်ခြောက်ထပ်လှည့်လည်ပြီး တရားဟောတော်မူတဲ့ အရှင်မြတ်ကြီး၊ မြင်းမိုရ်တောင်ကို ခွေပတ်နိုင်အောင် ကြီးမားတဲ့တန်ခိုးစွမ်းသူ နန္ဒောပနန္ဒနဂါးမင်းကို တန်ခိုးဆန်းကြယ်ချင်း အံ့ဩဖွယ်ပြိုင်ဆိုင်ပြီး ယခုခေတ် Special Effect ရုပ်ရှင်တီဗီတိုက်ပွဲ ပြကွက်မျိုးတွေထက် အဆပေါင်းများစွာ အရွယ်ကြီးကြီးတွေ၊ အရွယ်သေးသေးလေးတွေ ဖန်ဆင်းပြီး ရန်သူကို လက်နက်ချ အညံ့ခံ အရှုံးပေးအောင် စွမ်းဆောင်ခဲ့တဲ့ လက်ဝဲတော်ရံ ရဟန္တာကြီး၊ တရားကျင့်ဆဲ လိုဏ်ဂူထဲမှာ ခိုးသားငါးရာ ရိုက်နှက်ခံရပြီး ပျံလွန်တော်မူရ။

**ကမ္မနိယာမ**

ကံ- ကံရဲ့အကျိုး၊ အကောင်းအဆိုး၊ အကြောင်းအကျိုးဟူသမျှဟာ ဘယ်သူမပြု မိမိမှုသာဖြစ်ပေါ်နေခြင်းပေါ့။

ဘဝရဲ့ နိယာမသဘောတရားတွေကို နည်းနည်းသိရရင် နည်းနည်းကျင့်သုံးပြီး အနည်းငယ်ကောင်းကျိုးရပါတယ်။ များများသိလာပြီး များများကျင့်သုံးရင် ပိုမိုများပြားတဲ့ ကောင်းကျိုးကို ရပေတယ်။ သိမြင်ခြင်းနဲ့ ကျင့်သုံးခြင်းဆိုတဲ့ အရာနှစ်ခုပေါင်းမှသာ ထိုးထွင်းသိရှိ နားလည်သဘောပေါက်ခြင်းအဆင့်ကို ရောက်ရပါတယ်။ သာသနာသုံးရပ်ခေါ်ဆိုကြတဲ့ သဘောပါပဲ။

**ပရိယတ္တိသာသနာ**–သင်ယူဆည်းပူးခြင်း၊ **ပဋိပတ္တိသာသနာ**–ကျင့်ကြံအားထုတ်ခြင်း၊ **ပဋိဝေဓသာသနာ**–ထိုနှစ်ရပ်ကြောင့် ပေါ်ထွက်သော ကောင်းကျိုးရလဒ်အပြေ။

နယ်ပယ်အလိုက်၊ ဘာသာရပ်အလိုက်၊ အကြောင်းအရာအလိုက် သုံးနှုန်းကြတဲ့အမည်နာမတွေကတော့ နမူနာသာဓက ဒီလိုလည်း ရှိတတ်ပါသေးတယ်။

သဘောတရားနဲ့ လက်တွေ့ဘဝ၊ အပြောနဲ့ အလုပ်၊ စာတွေ့နဲ့ လက်တွေ့၊ အသိနဲ့ အကျင့်၊ ဝိဇ္ဇာနဲ့ စရဏ၊ သီအိုရီနဲ့ ပုစ္ဆာ၊ အဖြေ၊ စာတွေ့နဲ့ ကိုယ်တွေ့၊ သုတနဲ့ မုတ၊ အသိအမြင်နဲ့ အတွေ့အကြုံ၊ Theory and Practice၊ Learning and Exercise၊ Knowing and Applying၊ (Knowledge & Application) စသဖြင့် မတိမ်းမယိမ်းတွေ အခေါ်အဝေါ်ရှိနိုင်ပါသေးတယ်။ ဘယ်ကော၊ ညာကော နှစ်ဖက်စလုံး ပေါင်းစပ်ပါဝင်မှ အောင်မြင်တယ်ဆိုတာကတော့ သိရမဲ့သဘောတရားတစ်ရပ်ပါ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးစုလှိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၃၁၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်အုန်းသီးများကို ဝယ်ယူပြီး အခွံပါ၊ အခွံမပါနှင့် အနုသီး စသည့်ပုံစံဖြင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒေသထွက်အုန်းသီးတွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ပါ အဝယ်လိုက်နေတာကြောင့် တင်ပို့အားတက်နေတာပါ။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချပါတယ်"ဟု ဖျာပုံမြို့နယ် အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးစုလှိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ လက်ရှိတွင် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၆၂၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ တင်ပို့အားကောင်းလာခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း ဒေါ်အေးစုလှိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ငဖဲမြို့နယ် မာန်အောင်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မာန်အောင်ကျေးရွာအုပ်စု မာန်အောင်ကျေးရွာတွင် အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မာန်အောင်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် မာန်အောင်ကျေးရွာ၌ အရှည်ပေ ၁၂၉၁၀ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၁၅ သိန်း စုစုပေါင်းငွေကျပ် ၂၆၅ သိန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ပြောပြ၍ သိရသည်။

**စင်မာ**

## ဇွဲမာန်ဝင့်လို့ လှမ်းလျှောက်စို့

\- ဘဝတာ ပန်းတိုင်လမ်းသို့
ရည်မျှော်မှန်း လှမ်းစဉ်ဝယ်၊
ဇွဲသန်သန် မရွံ့မကြောက်နဲ့
လျှောက်ဖို့လိုမယ်၊
အခက်အခဲ အသွယ်သွယ်
ကြုံဆုံဖွယ် ရှောင်မလွဲ၊
စိုးထိတ်ရာ ပယ်ဖျောက်ရှင်းလို့
လှမ်းနင်းဝံ့ရဲ။

\- နုတစ်လီ ကြမ်းတစ်လှည့်နဲ့
တွန်းနှဲ့မူ ကြောင်းစုံလင်၊
တိုက်ရိုက်ဆုံ သွယ်ဝိုက်ဟပ်ခဲ့
ဆက်စပ်နွယ်ငင်၊
ကြုံလာစမ်း အန်တုယှဉ်
ကြောက်စိတ်ဉာဉ် ဖယ်ကာထုတ်၊
ဖြစ်ရမည် ဆန္ဒမြောက်ဖို့
ထွန်းတောက်အောင်လုပ်။

\- ပန်းတိုင်ရယ် လက်တစ်ကမ်းမို့
အရောက်လှမ်းဖို့ မြဲပြင်ဆင်၊
စိတ်ရှည်သည်းခံ မားမားရပ်မှ
ရလဒ်ကောင်းထင်၊
အားငယ်စိတ် ကျော်ခိုင်းနှင့်
ကြောင်းကျိုးယှဉ် စံစားဖို့၊
ကြမ်းချင်ကြမ်း
ပန်းချင်ပန်း နွမ်းချင်နွမ်းပစေ
စွမ်းစခိုင် ယုံကြည်မြဲစွာပေါ့
"အနာခံ အသာစံမလွဲပြီ"တဲ့
ရဲရင့်စွာ သန္နိဋ္ဌာန်စိတ်နဲ့
မပိတ်မသုန် ဇွဲမာန်ဝင့်လို့ရယ်
(ကွယ်. . .)
အားမြှင့်လှမ်းစို့။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# ကြို့ပင်ကောက်မြို့နယ် သက္ကယ်ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက္ကယ်ချင်းကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းစိုးက သက္ကယ်ချင်းကုန်းကျေးရွာရှိ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သက္ကယ်ချင်းကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သက္ကယ်ချင်းကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**

# နိုင်ငံတကာ သတင်းများ

## ဥမင်အတွင်းပိတ်မိနေသူများကို ကယ်ထုတ်ရန် နည်းလမ်းသစ်များ အိန္ဒိယစဉ်းစားနေ

**ဒေလီ နိုဝင်ဘာ ၁၉**

ရက်သတ္တပတ်ကြာ ကြိုးပမ်းမှုများ ပျက်ပြားခဲ့ရပြီးနောက် အိန္ဒိယအာဏာပိုင်များသည် အဝေးပြေးလမ်းမြေအောက်ဥမင်လမ်းမြေပြိုမှုတွင် ပိတ်မိနေသူများကို ကယ်ထုတ်ရေးအတွက် နည်းလမ်းသစ် ငါးရပ်ကို ထပ်မံစဉ်းစား သုံးသပ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥတ္တရာခန်းပြည်နယ် အဝေးပြေးလမ်းမြေအောက်ဥမင်မြေပြိုမှုသည်နိုဝင်ဘာ ၁၂ ရက်တွင်ဖြစ်ပွားခဲ့ပြီး အလုပ်သမား ၄၁ ဦး ဥမင်လမ်းအတွင်း ပိတ်မိနေခဲ့ရသည်။

အဆိုပါ အလုပ်သမားများကို ကယ်တင်ရေးအတွက် အိန္ဒိယရှာဖွေကယ်ဆယ်ရေး သမားများသည် မြေစာပုံကို တူးဖော်နေသော်လည်း အောင်မြင်မှုမရှိခြင်းကြောင့် တူးဖော်မှုလုပ်ငန်း ရပ်နားထားရသည်။

လက်ရှိအချိန်တွင် အိန္ဒိယအာဏာပိုင်များသည် အလုပ်သမားများကို ကယ်ထုတ်ရေးအတွက် အခြားနည်းလမ်းသစ် ငါးရပ်ကို ပြောင်းလဲအသုံးချရန် သင့်၊ မသင့် စဉ်းစားလျက်ရှိသည်။

အိန္ဒိယ ကယ်ဆယ်ရေးသမားများအနေဖြင့် ပိတ်မိနေသောအလုပ်သမားများထံ ဗိုက်တာမင်စီနှင့်ဆေးဝါးများ ပေးပို့ထားနိုင်ကြောင်း သိရသည်။

အဝေးပြေးလမ်း မြေအောက်ဥမင်မြေပြိုကျမှု၏ နောက်ခံအကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရှေ့တရုတ်ပင်လယ်ကျွန်းပေါ်၌ ဂျပန်မရိန်းတပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်

**တိုကျို နိုဝင်ဘာ ၁၉**

အရှေ့တရုတ် ပင်လယ်ဒေသအနားစွန်းရှိကျွန်းတစ်ကျွန်း၌ ဂျပန်မရိန်းတပ်ဖွဲ့ဝင်များက ယနေ့တွင် တိုက်ပွဲဝင်ယာဉ်များဖြင့် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို ၀၅ ဂျေအိတ်စ်အမည်ရှိ ၁၂ ရက်ကြာ စစ်ရေးလေ့ကျင့်မှုအစီအစဉ်များအရ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း တိုကူနိုရှီးမားကျွန်းပေါ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ရုရှား၊ မြောက်ကိုရီးယားတို့နှင့် ဂျပန်ကြားတင်းမာမှုမြင့်တက်နေချိန်တွင် ၀၅ ဂျေအိတ်စ်စစ်ရေးလေ့ကျင့်မှုကို ဂျပန်စစ်ဘက်က ပြုလုပ်နေခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေသည့် တိုကူနိုရှီးမားကျွန်းသည် ရန်သူကမ်းတက် စစ်ဆင်ရေးများ အခက်တွေ့စေနိုင်မည့် သန္တာကျောက်တန်းများ မရှိမှုကြောင့် ယင်းကျွန်းကို တရုတ်နိုင်ငံ၏ တိုက်ခိုက်မှုခံရအလွယ်ဆုံး ကျွန်းအဖြစ် ဂျပန်စစ်ဘက်က မှတ်ယူထားသည်။

၀၅ ဂျေအိတ်စ်စစ်ရေးလေ့ကျင့်မှုသည် ဂျပန်၏အချုပ်အခြာကို ကာကွယ်ရေးအတွက် ဂျပန်လက်နက်ကိုင်တပ်များ အသင့်ရှိပုံကို ပြသသည့်စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။


တိုကူနိုရှီးမားကျွန်းပေါ်၌ ဂျပန်တပ်များစစ်ရေးလေ့ကျင့်မှုပြုလုပ်မှုနှင့်ပတ်သက်၍ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO



## မော်လ်ဒိုက်ရှိ တပ်ဖွဲ့ဝင်များပြန်လည်ရုပ်သိမ်းရန် အိန္ဒိယနိုင်ငံကို သမ္မတမူအစ်ဇူ မေတ္တာရပ်ခံ



**မာလေ နိုဝင်ဘာ ၁၉**

မော်လ်ဒိုက်ကျွန်းစုရှိ အိန္ဒိယတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် မော်လ်ဒိုက်သမ္မတသစ် မိုဟာမက်မူအစ်ဇူက ယနေ့တွင် အိန္ဒိယနိုင်ငံကို မေတ္တာရပ်ခံလိုက်ကြောင်း သိရသည်။

သမ္မတ မူအစ်ဇူသည် ယခုနှစ်စက်တင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံကို လိုလားသည့် သမ္မတဟောင်း မိုဟာမက်ဆိုလီကို အနိုင်ရရှိခဲ့သည်။

မူအစ်ဇူသည် သမ္မတဆိုလီလက်ထက်က ကျင့်သုံးခဲ့သည့် အိန္ဒိယဦးစားပေးမူဝါဒကိုဖျက်သိမ်းရန် ကတိပြုထားသူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မော်လ်ဒိုက်နိုင်ငံ၌ အိန္ဒိယတပ်ဖွဲ့ဝင် ဦးရေ ၇၀ ကျော်တပ်ဆွဲထားပြီး အိန္ဒိယရေဒါစခန်းများနှင့်ကင်းထောက်လေယာဉ်များကို ထိန်းသိမ်းထားသည်။

အိန္ဒိယသမုဒ္ဒရာဒေသ၏ မဟာဗျူဟာအရ အရေးကြီးသော မော်လ်ဒိုက်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းပြိုင်ဘက် တရုတ်နိုင်ငံတို့က ကြိုးပမ်းလျက်ရှိသည်။

မော်လ်ဒိုက်သမ္မတသစ်မူအစ်ဇူ၏ အိန္ဒိယတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းပေးရေး တောင်းဆိုချက်နှင့်ပတ်သက်၍ အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်စစ်လေယာဉ်များ တရုတ်(တိုင်ပေ)အနီး စစ်ရေးလှုပ်ရှားမှုများ ပြန်လည်စတင်နေ

**တိုင်ပေ နိုဝင်ဘာ ၁၉**

တရုတ်စစ်ဘက်မှ စစ်လေယာဉ်များသည် ယနေ့တွင် တရုတ်(တိုင်ပေ)အနီး၌ စစ်ရေးလှုပ်ရှားမှုများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။



ယနေ့တွင် တရုတ်လေတပ်မှ စစ်လေယာဉ်ကိုးစင်းတို့သည်ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်လေတပ်စစ်လေယာဉ်များအပြင် စစ်သင်္ဘောများကလည်း ယနေ့တွင် တရုတ်(တိုင်ပေ)ဝန်းကျင် တိုက်ပွဲဝင် အသင့်အနေအထားကင်းလှည့်မှုများ ပြုလုပ်ခဲ့သည်။

တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားသော တရုတ်နိုင်ငံသည် ပြီးခဲ့သည့်လေးနှစ်အတွင်း တရုတ်(တိုင်ပေ)ဝန်းကျင်၌စစ်ရေးလှုပ်ရှားမှုနှင့် စစ်ရေးလေ့ကျင့်မှုများ မြှင့်တင်ပြုလုပ်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌တွေ့ဆုံခဲ့ပြီးရက်ပိုင်းအကြာတွင် တရုတ်စစ်ဘက်က တရုတ်(တိုင်ပေ)ဝန်းကျင်စစ်ရေးလှုပ်ရှားမှုပြန်လည်စတင်လာခဲ့ခြင်းဖြစ်သည်။

ဆန်ဖရန်စစ္စကိုဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့သည် တရုတ်(တိုင်ပေ)ပြဿနာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂါဇာတိုက်ပွဲများ အနည်းဆုံးငါးရက်ရပ်ထားရန် အစ္စရေးနှင့် ဟားမတ်စ်တို့ သဘောတူထားဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

ဂါဇာကမ်းမြောင်ဒေသ၌ ဖမ်းဆီးခံထားရသည့် ဓားစာခံအမျိုးသမီးနှင့်ကလေးများကိုပြန်လွှတ်၍ အပြန်အလှန်အနေဖြင့် တိုက်ပွဲများအားအနည်းဆုံးငါးရက် ရပ်ထားပေးရန် အစ္စရေး၊ အမေရိကန်နိုင်ငံနှင့် ဟားမတ်စ်အုပ်စုတို့က သဘောတူထားကြောင်း အမေရိကန်မီဒီယာများက နိုဝင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စာမျက်နှာ ခြောက်မျက်နှာပါ အဆိုပါ သဘောတူညီချက်အရ အစ္စရေးနှင့် ဟားမတ်စ်တို့အနေဖြင့် တိုက်ပွဲများကို အနည်းဆုံး ငါးရက်ကြာ ရပ်ဆိုင်းပေးရမည်ဖြစ်သည်။

တိုက်ပွဲများ ရပ်ဆိုင်းထားမှုအတွက် အပြန်အလှန်အနေဖြင့် ဟားမတ်စ်အုပ်စုက ဓားစာခံအမျိုးသမီးနှင့်ကလေး ၅၀ နှင့်အထက်ကို အဖွဲ့ငယ်များခွဲ၍ ၂၄ နာရီလျှင် တစ်ဖွဲ့နှုန်းပြန်လွှတ်ပေးရမည်ဖြစ်သည်။

ထို့အတူ တိုက်ပွဲများရပ်နားမှုကိုစောင့်ကြည့်ရာတွင် ကူညီရေးအတွက် ဝေဟင်ထောက်လှမ်းရေးစနစ်များက မြေပြင်လှုပ်ရှားမှုများကို စောင့်ကြည့်ပေးနေမည်ဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများ လာမည့် တစ်ရက်နှစ်ရက်အတွင်း စတင်လွှတ်ပေးနိုင်ကြောင်း အမေရိကန်မီဒီယာများက ရေးသားတင်ပြထားသည်။


အမေရိကန်မီဒီယာများ၏ ဂါဇာတိုက်ပွဲများ ငါးရက်ရပ်ထားရေးသဘောတူညီချက်သတင်းကိုအမေရိကန်အစိုးရနှင့် အစ္စရေးတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စနေဂြိုဟ်ခါးပတ်ကွင်းများအတွင်းသို့ အလင်းရောင်ထိုးဖောက်နိုင်မှုအဆင့်ကို ဗြိတိန်နိုင်ငံ လန်ကတ်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ တိုင်းတာခဲ့



**လန်ဒန် နိုဝင်ဘာ ၁၉**

ဗြိတိန်နိုင်ငံ လန်ကတ်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် စနေဂြိုဟ်ခါးပတ်ကွင်းများအတွင်းသို့ အလင်းရောင်ထိုးဖောက်နိုင်မှုအဆင့်ကို တိုင်းတာခဲ့ကြကြောင်း နိုဝင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် စနေဂြိုဟ် ခါးပတ်ကွင်းများအတွင်း အလင်းထိုးဖောက်ဝင်ရောက်နိုင်မှုအဆင့်ကို တိုင်းတာရာတွင် နည်းလမ်းသစ်တစ်ရပ် အသုံးပြုခဲ့ကြကြောင်း သိရသည်။

အထက်ပါ နည်းလမ်းသစ်အရ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ ကတ်စီနီ အာကာသယာဉ် စနေဂြိုဟ်ခါးပတ်ကွင်းများ အရိပ်အောက်ရောက်နေစဉ် အဆိုပါ အာကာသယာဉ်ထံ နေရောင်မည်မျှ ရောက်ရှိခဲ့သည်ဟူသောအချက်ကိုအခြေခံ၍ ခါးပတ်ကွင်းများအတွင်း အလင်းထိုးဖောက်ဝင်ရောက်နိုင်မှုအဆင့်ကို တိုင်းတာခဲ့ခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်က လွှတ်တင်ခဲ့သည့် ကတ်စီနီအာကာသယာဉ်သည် စနေဂြိုဟ်နှင့်ခါးပတ်ကွင်းများကြား ၂၂ ကြိမ် ဝင်ရောက်ခဲ့ဖူးသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

စနေဂြိုဟ် ခါးပတ်ကွင်းများ အရိပ်အောက်သို့ ကတ်စီနီအာကာသယာဉ်ရောက်ရှိနေစဉ် အဆိုပါ အာကာသယာဉ်ထံ နေရောင်ထိရိုက်မှုကို တိုင်းတာခြင်းအားဖြင့် ခါးပတ်ကွင်းများ၏ အလင်းဖောက်အားဒုကို တိုင်းတာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အလင်းဖောက်အားဒု (Optical Depth) သည် ဒြပ်ထုတစ်ခု၏ အကြည်ဓာတ်နှင့် ဆက်နွှယ်နေပြီး စုပ်ယူခြင်းမခံရမီ ဒြပ်ထုအတွင်းသို့ အလင်းရောင်ထိုးဖောက်ဝင်ရောက်နိုင်မှုအဆင့်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အင်္ဂါဂြိုဟ်နှင့်ကမ္ဘာဂြိုဟ်က နေ၏တစ်ဖက်တစ်ချက် ဆန့်ကျင်ဘက်နေရာများသို့ ရောက်ရှိခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၉**


အင်္ဂါဂြိုဟ်နှင့်ကမ္ဘာဂြိုဟ်သည် နိုဝင်ဘာ ၁၈ ရက်မှစ၍ နေ၏ တစ်ဖက်တစ်ချက် ဆန့်ကျင်ဘက်နေရာများသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နေ၏ တစ်ဖက်တစ်ချက် ဆန့်ကျင်ဘက်နေရာများသို့ ရောက်ရှိနေမှုကြောင့် ကမ္ဘာမြေ ညကောင်းကင်၌ ယာယီမျှ အင်္ဂါဂြိုဟ်ပျောက်ကွယ်နေလိမ့်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နေ၊ ကမ္ဘာနှင့် အင်္ဂါဂြိုဟ် တစ်တန်းတည်း ကျရောက်မှုဖြစ်စဉ် (Solar Conjunction) ဟုခေါ်သည့် အထက်ပါဖြစ်စဉ်သည် သီတင်းနှစ်ပတ် ကြာမည်ဖြစ်ရာ ကမ္ဘာမြေကောင်းကင်ယံမှ အင်္ဂါဂြိုဟ် ပျောက်ကွယ်ချိန်မှာလည်း သီတင်းနှစ်ပတ်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ၊ နေနှင့် အင်္ဂါဂြိုဟ်တို့ တစ်တန်းတည်း ကျရောက်မှုသည် နှစ်နှစ်လျှင် တစ်ကြိမ် ပေါ်ပေါက်တတ်သည့် အာကာသဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ပေါ်ပေါက်ချိန်တွင် ကမ္ဘာနှင့်အင်္ဂါဂြိုဟ်တို့ကြား အကွာအဝေးမိုင်ပေါင်း ၂၃၅ သန်းခန့်ရှိလိမ့်မည်ဖြစ်ရာ ဂြိုဟ်နှစ်စင်းကြား အဝေးဆုံးကွာလှမ်းမှုဖြစ်ကြောင်း သိရသည်။



ကမ္ဘာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့ကြား အကွာအဝေးမှာ ပုံမှန်ကာလများတွင် ပျမ်းမျှအားဖြင့် မိုင်ပေါင်း သန်း ၁၄၀ ခန့်သာရှိတတ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Starship အာကာသယာဉ်ကို ဒုတိယအကြိမ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသယာဉ်ကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၁၈ ရက်က လွှတ်တင်ခဲ့ရာ



အောင်မြင်မှု မရရှိခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသယာဉ်ကို တက္ကဆက်ပြည်နယ် ဘိုကာချီကာ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီးမကြာမီမှာပင် Starship အာကာသယာဉ်၏ စူပါဟဲဗီးဒုံးပျံမှာ ပေါက်ကွဲခဲ့ရကြောင်း သိရသည်။

အလားတူ စူပါဟဲဗီးဒုံးပျံမှ ခွဲထွက်နိုင်ခဲ့သည့် Starship အာကာသယာဉ်ကိုလည်း သတ်မှတ်အမြင့်သို့မရောက်မီ ထိန်းချုပ်ဖောက်ခွဲခဲ့ရကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

နိုဝင်ဘာ ၁၈ ရက်က Starship အာကာသယာဉ်စမ်းသပ်လွှတ်တင်မှုသည် Space-X ကုမ္ပဏီက ဒုတိယမြောက် စမ်းသပ်လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ် ဧပြီလက Starship အာကာသယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ ထိုစဉ်ကလည်းအောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အမေရိကန်အမျိုးသားနှင့် အမျိုးသမီးများကြား ပျမ်းမျှဘဝသက်တမ်းကွာဟချက် ကျယ်ပြန့်လာ

**နယူးယောက် နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ၌ အမျိုးသားနှင့် အမျိုးသမီးများကြား ပျမ်းမျှဘဝသက်တမ်းကွာဟချက်မှာ ၁၉၉၆ ခုနှစ်နောက်ပိုင်း ကျယ်ပြန့်လာကြောင်း နိုဝင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ပျမ်းမျှဘဝသက်တမ်းအရ အမေရိကန်အမျိုးသမီးများသည် အမျိုးသားများထက် ၅ ဒသမ ၈ နှစ်ပို၍ သက်တမ်းရှည်လျားကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထိုကဲ့သို့ အမေရိကန်အမျိုးသားများနှင့် အမျိုးသမီးများ ဘဝသက်တမ်းကွာဟလာမှုတွင် ကိုဗစ်ရောဂါသည်လည်း အဓိကနောက်ခံအကြောင်းရင်းတစ်ရပ်ဖြစ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ထို့ပြင် စီးပွားရေးပြဿနာများ၊ စိတ်ဖိအားဝင်မှုနှင့်စိတ်ကျဝေဒနာဝင်ရောက်မှုတို့သည်လည်း အမေရိကန်အမျိုးသားများနှင့်အမျိုးသမီးများကြား ပျမ်းမျှဘဝသက်တမ်းကွာဟလာမှု၏နောက်ခံအကြောင်းရင်းများဖြစ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အမျိုးသမီးများအတွက် ဆေးဝါးကုသမှုများအဆင့်မြင့်မားလာရခြင်းသည်လည်းအမျိုးသားများနှင့် အမျိုးသမီးများကြား ပျမ်းမျှဘဝသက်တမ်း ကွာဟမှု၏ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် အမျိုးသားများနှင့် အမျိုးသမီးများကြား ပျမ်းမျှဘဝသက်တမ်းကွာဟချက်သည် ၂၀၁၀ ပြည့်နှစ်က ၄ ဒသမ ၈ နှစ်မျှသာရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဇီဝအကျိုးပြု ဗက်တီးရီးယားများက Dementia ရောဂါကို တားဆီးနိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၉**

ဇီဝအကျိုးပြု ဗက်တီးရီးယားများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ကို တားဆီးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဇီဝအကျိုးပြု ဗက်တီးရီးယားသည် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးနှင့် အူမကြီးရောင်ရမ်းနာ (IBS)ကဲ့သို့ ရောဂါများကို ကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း သိထားကြပြီးဖြစ်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ရီးဒင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဇီဝအကျိုးပြု ဗက်တီးရီးယားများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ကိုလည်း တားဆီးပေးနိုင်ဖွယ် ရှိကြောင်း သိရသည်။

သို့ရာတွင် ဇီဝအကျိုးပြုဗက်တီးရီးယားများနှင့် Dementia ရောဂါဖြစ်နိုင်ခြေကို ကာကွယ်နိုင်မှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက အပြည့်အဝ နားလည်ခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဦးနှောက်နှင့်အစာခြေ လမ်းကြောင်းစနစ်တို့ကြား ဆက်စပ်မှုရှိနေပြီး အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကောင်းမွန်ခဲ့လျှင် ဦးနှောက်ကျန်းမာရေးလည်း ကောင်းမွန်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ဇီဝအကျိုးပြု ဗက်တီးရီးယားများကို ဒိန်ချဉ်၊ ဒိန်ခဲ၊ကင်မ်ချီကဲ့သို့ အစားအစာများ၌ တွေ့ရှိရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**






# ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျိုကိုဗစ်တက်ရောက်

**တူရင် နိုဝင်ဘာ ၁၉**

အီတလီနိုင်ငံ တူရင်မြို့၌ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် အယ်ကာရက်ဇ်ကို အကြိတ်အနယ်ကစားရဖွယ်ရှိနေကြောင်း ပွဲမတိုင်မီသုံးသပ်ချက်များထွက်ပေါ်ခဲ့သော်လည်း ဂျိုကိုဗစ်အနေဖြင့် အယ်ကာရက်ဇ်ကို ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်ကို အနိုင်ယူနိုင်ခဲ့သည့်လက်စွမ်းသည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့် လက်စွမ်းမျိုးဖြစ်သကဲ့သို့ ဗိုလ်လုပွဲစဉ်တွင် အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အီတလီမြေ၌ ကျင်းပနေသည့်ပြိုင်ပွဲဖြစ်သလို အီတလီပရိသတ်များ၏ အားပေးမှုကိုရထားသည့် ဂျန်နစ်ဆင်နာနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်သည် ခက်ခဲမည့်ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်း ဂျိုကိုဗစ်က သုံးသပ်ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "အယ်ကာရက်ဇ်ကို ဒီလိုရလဒ်မျိုးနဲ့အနိုင်ရဖို့မလွယ်ပါဘူး။ ဒီပွဲစဉ်မှာ ကျွန်တော့်ရဲ့ အကောင်းဆုံးတင်းနစ်စွမ်းရည်တွေ ထုတ်ပြနိုင်ခဲ့တယ်လို့ ခံစားမိပါတယ်။ အုပ်စုတွင်း ပွဲစဉ်တချို့မှာ ပုံမှန်လက်စွမ်းရဖို့ ရုန်းကန်ခဲ့ရပေမဲ့ ဆီမီးဖိုင်နယ်လို အဆင့်မျိုးမှာ အချိန်မီ ပုံစံကောင်းပြန်ရခဲ့တာ ကျွန်တော့်အတွက် အရမ်းကောင်းတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ လက်စွမ်းပိုင်းသာမက စိတ်ဓာတ်ပိုင်းကလဲ အကောင်းဆုံးအခြေအနေမှာရှိနေခဲ့တယ်။ ဗိုလ်လုပွဲစဉ်ဟာ ကျွန်တော့်အတွက် ပိုပြီးတော့ ခက်ခဲစေလိမ့်မယ်။ ဂျန်နစ်ဆင်နာဟာ ဒီပြိုင်ပွဲရဲ့အကောင်းဆုံးကစားသမားအဖြစ် လက်စွမ်းပြနေသူဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ဗိုလ်လုပွဲစဉ်တွင် အနိုင်ရခဲ့ပါက ယခုနှစ်တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် သေချာပေါက် အဆုံးသတ်ခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းတွင် ပွဲကစားခွင့်လျော့နည်းလာသည့် ရာဖင်ဟာက အသင်း၏လုပ်ဆောင်မှုများကို မယုံကြည်တော့သောကြောင့် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသဖြင့် လီဗာပူးအသင်းက ခေါ်ယူရန်ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။
- ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေသည့် ဂျာမနီအသင်းသည် တူရကီအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နည်းပြနာဂျယ်စမန်းလက်ထက် ပထမဆုံးရှုံးပွဲကြုံခဲ့ရကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ဆော်ဒီကလပ်အသင်းများ၏ကမ်းလှမ်းမှုကိုငြင်းပယ်၍ မန်ယူအသင်း၌သာဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ML**

# ယူရိုခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ရိုမေးနီးယားအသင်း တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်



**ဘူခါရက်စ် နိုဝင်ဘာ ၁၉**

ရိုမေးနီးယား အသင်းသည် အစ္စရေးအသင်းနှင့် ကစားခဲ့သည့် ယူရိုခြေစစ်ပွဲစဉ်တွင် အဝေးကွင်းသွားရောက်ကစားခဲ့ရသော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

ရိုမေးနီးယား အသင်းသည် ခြေစစ်ပွဲအုပ်စု(I)တွင် အစ္စရေးအသင်းနှင့်မကစားမီက ရမှတ် ၁၆ မှတ်သာရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေသကဲ့သို့ အစ္စရေးအသင်းကလည်း ရမှတ် ၁၂မှတ်ဖြင့် အဆင့်(၃)မှ ဖိအားပေးနေသောကြောင့် အစ္စရေးအသင်းကို ရှုံးနိမ့်ခဲ့ပါက ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရမည်ဖြစ်သော်လည်း ယခုပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကိုးပွဲကစားအပြီး ရမှတ် ၁၉ မှတ်ရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အစ္စရေးအသင်းသည် ရိုမေးနီးယားအသင်းကို ပွဲအစကတည်းက ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန်နှစ်မိနစ်တွင် ဇဟာဗီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ရှင်သန်လာသော်လည်း ရိုမေးနီးယားအသင်းက ချေပဂိုးရရှိရေးအစွမ်းကုန်ကြိုးစားခဲ့သောကြောင့် ပွဲချိန် ၁၀ မိနစ်တွင် ချေပဂိုးခွင့်ပြုခဲ့ရပြီးနောက် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ရိုမေးနီးယားအသင်းကို အနိုင်ရရှိရေးကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၆၃ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသဖြင့် ပွဲပြီးဆုံးချိန်တွင် ရိုမေးနီးယားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ယူရိုပြိုင်ပွဲ ခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် အုပ်စု(A)မှ စပိန်နှင့် စကော့တလန်၊ အုပ်စု(B)မှ ပြင်သစ်၊ အုပ်စု(C)မှ အင်္ဂလန်၊ အုပ်စု(D)မှ တူရကီ၊ အုပ်စု(E)မှ အယ်ဘေးနီးယား၊ အုပ်စု(F)မှ ဩစတြီးယားနှင့် ဘယ်လ်ဂျီယံ၊ အုပ်စု(G)မှ ဟန်ဂေရီ၊ အုပ်စု(H)မှ ဒိန်းမတ်၊ အုပ်စု(I)မှ ရိုမေးနီးယားနှင့် ဆွစ်ဇာလန်၊ အုပ်စု(J)မှ ပေါ်တူဂီနှင့် ဆလိုဗက်ကီးယားအသင်းတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# အယ်နာဆာအသင်း၏ တစ်ပတ်လုပ်ခစတာလင်ပေါင် ၅၀၀၀၀၀ ဖြင့်ကမ်းလှမ်းမှုကိုပယ်ချခဲ့ကြောင်း ဒီဂီယာပြောကြား

**ရိုးယာ့ဒ် နိုဝင်ဘာ ၁၉**

ဂိုးသမား ဒီဂီယာသည် မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းက တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ဖြင့် ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဂိုးသမား ဒီဂီယာသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းအတွက် လက်စွမ်းပြကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်၏ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ရယူနိုင်ခဲ့သော်လည်း နည်းပြတန်ဟတ်က ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိခဲ့သဖြင့် ဒီဂီယာကို သက်တမ်းမတိုးတော့ဘဲ ဂိုးသမားအိုနာနာနှင့် အစားထိုးခဲ့ကြောင်း သိရသည်။

ဂိုးသမားဒီဂီယာသည် မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ ဖြစ်နေချိန်တွင် အသင်းဖော်ကစားသမား စီရော်နယ်ဒို၏ အယ်နာဆာအသင်းက တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ ဖြင့်ကမ်းလှမ်းခဲ့ရာ ဇနီးသည်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် လိုက်ပါနေထိုင်လိုခြင်းမရှိသည့်အတွက် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီဂီယာသည် ၂၀၁၁ ခုနှစ်က စပိန်လာလီဂါမှ ထွက်ခွာခဲ့ပြီးနောက် စပိန်နိုင်ငံတွင် ပြန်လည်ကစားရန် ဆန္ဒရှိနေသဖြင့် ယခုလအစောပိုင်းက ဆီဂန်ဒါကလပ် အယ်ဒန်ဆီအသင်းက ကလပ်အသင်း၏ ရှယ်ယာဝယ်ယူခွင့်ပါရှိသည့်သဘောတူညီချက်ဖြင့် ခေါ်ယူရန်ဆွေးနွေးနေသည့်အပြင် ဗလင်စီယာအသင်းနှင့် ဘက်တစ်အသင်းတို့ကလည်း ၎င်းကိုခေါ်ယူလိုသော်လည်း လုပ်ခလစာမြင့်မားမှုကြောင့် လုပ်ခလစာလျှော့ချပေးပါက ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဂျီဘရော်တာကို ၁၄ ဂိုးပြတ်အနိုင်ရခဲ့သည့် ပြင်သစ်အသင်း မှတ်တမ်းကောင်းတစ်ရပ်ရရှိ

**ပဲရစ် နိုဝင်ဘာ ၁၉**

ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ဂျီဘရော်တာအသင်းတို့ကစားခဲ့ရာ ပြင်သစ်အသင်းက ၁၄ ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၁၄ ဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲစဉ်မျိုးမရှိခဲ့ဘဲ ၂၀၀၆ခုနှစ်က ဂျာမနီအသင်းနှင့် ဆန်မာရီနိုအသင်းတို့ ကစားခဲ့သည့် ယူရိုခြေစစ်ပွဲစဉ်တွင် ဂျာမနီအသင်းက ၁၃ ဂိုး ဂိုးမရှိဖြင့်သာ အနိုင်ရခဲ့သည့် မှတ်တမ်းကောင်းရှိသော်လည်း ယခုအခါ ပြင်သစ်အသင်းက ဂျီဘရော်တာအသင်းကို ၁၄ ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဂျာမနီအသင်း၏ စံချိန်ကိုကျော်ဖြတ်၍ မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြင်သစ်အသင်းသည် အမ်ဘက်ပီ၊ ဂရစ်ဇ်မန်း၊ သူရမ် စသည့် အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် သုံးမိနစ်၊ လေးမိနစ်၊ ၁၆ မိနစ်၊ မိနစ် ၃၀ ၊ ၃၄ မိနစ်၊ ၃၆ မိနစ်၊ ၃၇ မိနစ်၊ ၆၃ မိနစ်၊ ၆၅ မိနစ်၊ ၇၃ မိနစ်၊ ၇၄ မိနစ်၊ ၈၂ မိနစ်၊ ၈၉ မိနစ်နှင့် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်မှူးအမ်ဘက်ပီတစ်ဦးတည်းသာ ဟက်ထရစ်ဂိုးရရှိခဲ့ပြီး ဂီရောဒ်နှင့်ကိုးမန်းတို့မှာ သွင်းဂိုး နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ယူရိုခြေစစ်ပွဲ အုပ်စု(B) တွင် ပြင်သစ်အသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ယခုပွဲစဉ်



တွင် နိုင်ပွဲထပ်မံရရှိခဲ့သောကြောင့် ခုနစ်ပွဲကစားအပြီး ခုနစ်ပွဲစလုံး အနိုင်ရခဲ့သောကြောင့် ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်နေပြီး နယ်သာလန်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၂)၊ ဂရိအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၃)၊ အိုင်ယာလန်အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၄)၊ ဂျီဘရော်တာအသင်းက ရမှတ်မရရှိသေးဘဲ အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဆီနီဂေါအသင်းတိုက်စစ်မှူးမာနေး နိုင်ငံတကာပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် ကစားသမားဖြစ်လာ




**ဒါကာ နိုဝင်ဘာ ၁၉**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာဖရိကဇုန်)ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆီနီဂေါအသင်းနှင့် တောင်ဆူဒန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး မာနေးသည် ဆီနီဂေါအသင်းအတွက် ပါဝင်ကစားခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် ကစားသမားတစ်ဦးဖြစ်လာကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ မာနေးသည် ဆီနီဂေါအသင်းနှင့်အတူ ၂၀၁၂ ခုနှစ်ကစတင်ပြီး နိုင်ငံတကာပြိုင်ပွဲများကို ပါဝင်ကစားခဲ့သူဖြစ်ပြီး ဆီနီဂေါအသင်းနှင့် တောင်ဆူဒန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတစ်လျှောက် ဆီနီဂေါအသင်းနှင့် နိုင်ငံတကာပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီး ရာပြည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးပါ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီနီဂေါအသင်းနှင့် တောင်ဆူဒန်အသင်းတို့ပွဲစဉ်မတိုင်မီ ဆီနီဂေါအသင်းနှင့် ပွဲ ၁၀၀ ပြည့် ပါဝင်ကစားမည့် မာနေးကို ဂုဏ်ပြုသည့်အနေဖြင့် ဆီနီဂေါနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ၁၀၀ ဂဏန်းဖြင့် ၎င်းအမည်ရေးထိုးထားသည့် ဂျာစီကို အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။

မာနေးသည် ဆီနီဂေါအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၀ ကစားပြီးချိန်တွင် သွင်းဂိုး ၄၀ ပြည့်မြောက်လာခဲ့ပြီး ၂၆ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ကာ ဆီနီဂေါအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# The RSM Classic ပြိုင်ပွဲအမှတ်ပေးဇယားကို ဆွီဒင်ကစားသမား လက်ဗစ်အဘက် ဆက်လက်ဦးဆောင်

**ဂျော်ဂျီယာ နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် စိန့်ဆိုင်မွန်ကျွန်းတွင် ကျင်းပနေသည့် The RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား အဲရစ်ကိုးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ကနေဒါဂေါက်သီးရိုက်ကစားသမား မက်ကင်ဇီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

လက်ဗစ်အဘက်သည် ဒုတိယနေ့တွင်လည်း အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သူဖြစ်သလို တတိယနေ့တွင်လည်း ရလဒ်အကောင်းဆုံး ပြိုင်ပွဲဝင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

လက်ဗစ်အဘက်က "တတိယနေ့ရဲ့ဒုတိယကိုးကျင်းမှာ ရိုက်ချက်တွေက အရမ်းသပ်ရပ်တယ်လို့ ခံစားမိပါတယ်။ တတိယနေ့မှာ မှတ်တမ်းကောင်းတချို့ကိုလဲ ရရှိခဲ့ပြီးတော့ တတိယနေ့ရလဒ်ကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။ တတိယနေ့မှာရိုက်ခဲ့တဲ့ရိုက်ချက်တိုင်းက အမှားမရှိဘူးလို့ ခံစားမိပါတယ်။ တတိယနေ့မှာ ရာသီဥတုကလဲသာယာတော့ ကစားရတာ အရမ်းကောင်းတယ်။ ကျွန်တော်တစ်ယောက်တည်း ရလဒ်ကောင်းခဲ့တာမဟုတ်ပါဘူး။ ပြိုင်ပွဲဝင်တော်တော်များများလဲ ရလဒ်ကောင်းခဲ့ကြတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အင်တာမီလန်အသင်းက ခံစစ်ကစားသမား ဒါမီယန်ကို ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်း

**ရောမ နိုဝင်ဘာ ၁၉**

အင်တာမီလန် အသင်းက အသင်းတောင်ပံခံစစ်ကစားသမား ဒါမီယန်ကို ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ကမ်းလှမ်းမှု ပြုလုပ်ထားကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဒါမီယန်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က မန်ယူအသင်းမှ ပါးမားအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သော်လည်း ပါးမားအသင်းတွင် တစ်ရာသီသာ ကစားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အင်တာမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒါမီယန်သည် အင်တာမီလန်အသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် သုံးနှစ်စာချုပ်ဖြင့် အပြီးသတ်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအကုန် ၂၀၂၄ ခုနှစ် ဇွန်လအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဒါမီယန်သည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့် ပွဲစဉ်အများစု ပါဝင်ခွင့်ရရှိခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အင်တာမီလန်အသင်းက လက်မလွှတ်လိုသောကြောင့် ၂၀၂၅ ခုနှစ် ဇွန်လကုန်ထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။




ဒါမီယန်နှင့် အင်တာမီလန်အသင်းတို့ စာချုပ်ချုပ်ဆိုစဉ်ကတည်းက အင်တာမီလန်အသင်းအနေဖြင့် စာချုပ်သက်တမ်း ကုန်ဆုံးပါက နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းနိုင်သည်ဟု ပါရှိသည့်အတွက် ကမ်းလှမ်းထားပြီး ဒါမီယန်ကိုယ်တိုင်ကလည်း အင်တာမီလန်အသင်းတွင် ပွဲထွက်ခွင့်များရရှိနေသဖြင့် အသင်းတွင် ဆက်လက်ကစားလိုသောကြောင့် မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ဗြိတိန်မစ်ဒယ်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲ၌ နေသန်ဟိနေ ဒိုင်အမှတ်ဖြင့် အနိုင်ရ

**မန်ချက်စတာ နိုဝင်ဘာ ၁၉**

ဗြိတိန်မစ်ဒယ်ဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် နေသန်ဟိနေနှင့် ဒန်ဇယ်ဘန်တလေတို့ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ထိုးသတ်ခဲ့ရာ နေသန်ဟိနေက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဟောင်းဝက်ဖော်စတာက (၁၁၇-၁၁၁)ရမှတ်ဖြင့်လည်းကောင်း၊ စတီဗင်ဂရေးက (၁၁၆-၁၁၃)ရမှတ်ဖြင့်လည်းကောင်း နေသန်ဟိနေကို အနိုင်ပေးခဲ့ပြီး ဗစ်တာလောင်လင်က (၁၁၄-၁၁၄)ရမှတ်ဖြင့် သရေရလဒ်သာ သတ်မှတ်ခဲ့သည်။

နေသန်ဟိနေသည် ရှုံးပွဲမရှိစံချိန်ကို ထိန်းသိမ်းနိုင်ခဲ့ပြီး ဗြိတိန်ချန်ပီယံမှတစ်ဆင့် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ရန် ပစ်မှတ်ထားကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေသန်ဟိနေသည် WBO မစ်ဒယ်ဝိတ်တန်း လောကတွင် ကမ္ဘာ့အဆင့်(၉)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး WBC မစ်ဒယ်ဝိတ်တန်းလောကတွင် ကမ္ဘာ့အဆင့်(၁၂)အဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

နေသန်ဟိနေက "ကျွန်တော့်ရဲ့ ပထမဆုံးအိပ်မက်က ဗြိတိန်ချန်ပီယံဖြစ်ခွင့်ရဖို့ပါ။ အခု ကျွန်တော့်ရဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ပြီဖြစ်ပါတယ်။ လူတွေကတော့ ကမ္ဘာ့ချန်ပီယံအတွက်ကသာ ကျွန်တော့်ရဲ့အိပ်မက်လို့ ပြောကြတယ်။ တကယ်တော့ ဗြိတိန်ချန်ပီယံက ကျွန်တော့်ရဲ့ပထမဦးစားပေးဖြစ်ပါတယ်။ အခု ပထမအိပ်မက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီဖြစ်ပြီး ဒုတိယအိပ်မက်ကို အကောင်အထည် ဖော်ဖို့အတွက် ဆက်ကြိုးစားသွားမယ်။ ကျွန်တော့်ရဲ့ ရှုံးပွဲမရှိစံချိန်ကိုလဲ ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ပြင်သစ်အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းနိုင်သူအဖြစ် လူငယ်ကွင်းလယ်ကစားသမား အမ်မရီ မှတ်တမ်းဝင်

**ပဲရစ် နိုဝင်ဘာ ၁၉**

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ဂျီဘရော်တာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပြင်သစ်အသင်း လူငယ် ကွင်းလယ်ကစားသမား အမ်မရီက အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းက ဂျီဘရော်တာအသင်းကို ၁၄ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အမ်မရီက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး ပြင်သစ်အသင်းအတွက် ပွဲချိန် ၁၆ မိနစ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် စံချိန်ကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အမ်မရီသည် ပြင်သစ်အသင်းနှင့် ဂျီဘရော်တာအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားချိန်၌ ၎င်း၏အသက်မှာ ၁၇ နှစ်နှင့် ၂၅၅ ရက်သာ ရှိသေးသည့်အတွက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ပွဲထွက်ကစားသမားအပြင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်း အကယ်ဒမီမှထွက်ပေါ်ခဲ့သည့် လူငယ်ကွင်းလယ်ကစားသမား အမ်မရီသည် ယခုနှစ်ဘောလုံးရာသီ၌ ပီအက်စ်ဂျီအသင်းတွင်လည်း ပွဲကစားခွင့်များရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် ကိုယ်တိုင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ငါးကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်က အမ်မရီကို ပြင်သစ်အသင်းအတွက် ပထမဆုံး ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# ပဲ့ထိန်းဒုံးကျည်စွမ်းဆောင်ရည်မြှင့်တင်နေသော ပါကစ္စတန်

**ဝင်းဇင်(သုတေသန)**

မကြာသေးမီက ပါကစ္စတန်သည် ပစ်မှတ်အမျိုးမျိုးကို အကြိမ်ကြိမ်ပစ်ခတ်နိုင်သည့် ကျည်ထိပ်ဖူး (MIRV) များကို အသုံးပြုလျက် Ababeel အမျိုးအစား တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (MRBM)ကို စမ်းသပ်ပစ်ခတ်လိုက်ခြင်းအားဖြင့် တောင်အာရှ၏ မဟာဗျူဟာမြောက်ဟန့်ချက်နှင့် ကာကွယ်ရေးစွမ်းဆောင်ရည်များတွင် အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုကို လှစ်ဟပြသလိုက်သည်။

ပါကစ္စတန်နိုင်ငံသည် အောက်တိုဘာလအတွင်း MIRV ၌ သယ်ဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသော Ababeel MRBM ဒုတိယအကြိမ်မြောက် စမ်းသပ်ခဲ့ကြောင်းနှင့် အိန္ဒိယ၏ ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်သည့် အဆင့်မြင့်စွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်ရန် နီးစပ်လာပြီဖြစ်ကြောင်း နိုင်ငံတကာ မဟာဗျူဟာမြောက်လေ့လာရေးဌာန (IISS) က အစီရင်ခံထားသည်။ အဆိုပါ စမ်းသပ်မှုအတွင်း ဒုံးကျည်၏ ဒီဇိုင်းပုံစံအမျိုးမျိုးနှင့်နည်းပညာဆိုင်ရာ ကန့်သတ်ချက်များအပြင် စနစ်အားလုံး၏ လုပ်ငန်းလုပ်ဆောင်မှုများကိုလည်း ဆန်းစစ်အကဲဖြတ်ခဲ့သည်။

Ababeel သည် ပါကစ္စတန်နိုင်ငံက သုတေသနပြု တည်ဆောက်လျက်ရှိသည့် နျူကလီးယားစွမ်းဆောင်ရည်ရှိသော MRBM နှစ်မျိုးအနက်မှ တစ်မျိုးပင်ဖြစ်ကြောင်း၊ ၎င်းဒုံးကျည်နှစ်မျိုးတွင် အဓိကကွာခြားမှုသည် MIRV စွမ်းဆောင်ရည်ပင်ဖြစ်ကြောင်း၊ အဆိုပါဒုံးကျည်သည် စွမ်းဆောင်ရည်မြင့်မားပြီး အိန္ဒိယ၏ ပဲ့ထိန်းဒုံးကျည် စွမ်းဆောင်ရည်များကို ထိုးဖောက်နိုင်စွမ်းရှိလာစေမည်ဖြစ်ကြောင်း IISS က ကောက်ချက်ချ ဖော်ပြထားရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့်လည်း Agni VI အမျိုးအစား တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM) နှင့် ဆက်စပ်ပြီး ကိုယ်ပိုင် MIRV စွမ်းဆောင်ရည်ကို တည်ဆောက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း၊ Agni VI သည် မူလက တရုတ်၏ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထိုးဖောက်ရန်ရည်ရွယ်ထားပြီး ပါကစ္စတန်ကို တိုက်ခိုက်သွားရန်မဟုတ်ကြောင်း IISS က ပြောကြားသွားသည်။

MIRVs ကို ၁၉၆၀ ပြည့်နှစ်တွင် ပထမဆုံး သုတေသနပြု တည်ဆောက်ထားခြင်းဖြစ်ပြီး မတူညီသောပစ်မှတ်များကို နျူကလီးယားကျည်ထိပ်ဖူးအမျိုးမျိုးဖြင့် ပစ်ခတ်နိုင်စွမ်းရှိသည့် ဒုံးကျည်တစ်မျိုးပင်ဖြစ်သည်။ သမားရိုးကျဒုံးကျည်များသည် ကျည်ထိပ်ဖူး တစ်ခုသာ သယ်ဆောင်နိုင်စွမ်းရှိသည်။ မူလထုတ်လုပ်ထားသော MIRV များကို ဒုံးကျည်ကာကွယ်ရေးစနစ်ထိုးဖောက်ရန် ဒီဇိုင်းရေးဆွဲထားခြင်းမဟုတ်သော်လည်း သမားရိုးကျဒုံးကျည်ပုံစံများထက် ခြေရာခံထောက်လှမ်းရန် ခက်ခဲသည်။

သာဓကအနေဖြင့် အမေရိကန်မြေပြင်အခြေစိုက် နျူကလီးယားဟန့်တားမှု စွမ်းဆောင်ရည်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် US LGM-30G Minuteman III သည် Mk21 MIRVs သုံးခုကို သယ်ဆောင်နိုင်စွမ်းရှိပြီး ၎င်းကျည်ထိပ်ဖူးတစ်ခုစီသည် နျူကလီးယား ၄၇၅ ကီလိုတန်ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။ MIRVs သည် ICBM မှနေ၍ မတူညီသောအရှိန်နှုန်းနှင့် လားရာတို့ကို ပစ်ခတ်နိုင်စွမ်းရှိပြီး အချို့သော MIRV စွမ်းဆောင်ရည်ရှိသည့် ဒုံးကျည်များသည် ကီလိုမီတာ ၁၅၀၀ အကွာအဝေးရှိ ပစ်မှတ်များကိုပင်လျှင် ပစ်ခတ်ထိမှန်နိုင်စွမ်းရှိသည်။

သို့သော် MIRVs တွင်လည်း မဟာဗျူဟာမြောက် အပြစ်အနာအဆာများ ရှိနေသည်။ ဆိုလိုသည်မှာ ဒုံးကျည်တစ်ခုသည် ပစ်မှတ်များစွာကိုထိမှန်နိုင်သောကြောင့် MIRVs သည် ပထမဆုံးတိုက်ခိုက်မှုများ လုပ်ဆောင်စဉ် မတည်ငြိမ်မှုများဖြစ်ပေါ်လာစေနိုင်သည်။ မည်သို့ပင်ဆိုစေ MIRVsသည် ပစ်မှတ်တစ်ခုတည်းကိုပင်လျှင် ကျည်ထိပ်ဖူးအမျိုးမျိုးဖြင့် တိုက်ခိုက်နိုင်စွမ်းရှိသဖြင့် ကျည်ထိပ်ဖူးတစ်ခုထက် ဖျက်စွမ်းအား ပိုမိုပြင်းထန်လျက်ရှိသည်။ MIRVs သည် ဒုံးကျည်ကာကွယ်ရေးစနစ်များကိုလည်း အလွယ်တကူ ချေမှုန်းနိုင်စွမ်းရှိသည်။



MIRVs စွမ်းဆောင်ရည်ရှိသော တပ်ဖွဲ့များရှိသည့် နျူကလီးယားပိုင်ဆိုင်ထားသော နိုင်ငံများသည် ပြိုင်ဘက်နိုင်ငံများ၏ လက်တုံ့ပြန်တိုက်ခိုက်လာမှုများကို တုံ့ပြန်နိုင်ရေးအတွက် ၎င်းတို့၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ထိန်းသိမ်းထားရှိသည်။ ထို့ပြင် MIRVs သည် ဒုံးကျည်များတပ်ဆင်နိုင်ရေးအတွက် လိုအပ်သော နျူကလီးယားလက်နက်များကိုလည်း ဖန်တီးသွားမည်ဖြစ်သည်။

ထို့ကြောင့် ပါကစ္စတန်သည် MIRV များ ရရှိရေးအတွက် အကြောင်းပြချက်မျိုးစုံ ရှိနေသည်။ တာတိုပစ် ပဲ့ထိန်းဒုံးကျည် (SRBM)များနှင့် တာလတ်ပစ်ဒုံးကျည် (MRBM)များ ပါဝင်သော ပါကစ္စတန်၏ မဟာဗျူဟာမြောက်တပ်ဖွဲ့များသည် အိန္ဒိယ၏ပစ်မှတ်များကို ချိန်ရွယ်ထားရှိသည်။ ထို့ကြောင့် ပြိုင်ဘက်နှစ်နိုင်ငံများကြား သမားရိုးကျ စစ်ရေးဆိုင်ရာ အချိုးမညီမျှမှုများကို ဖြစ်ပေါ်လာစေလျက်ရှိသည်။

အစ္စလာမ်မာဘက်၏ MIRV အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ Cold Start စစ်ရေးဆိုင်ရာ အခြေခံသဘောတရားကို တုံ့ပြန်သွားရန် စီစဉ်ထားဖွယ်ရာရှိသည်။ ၎င်းသဘောတရားသည် ပါကစ္စတန်နှင့် ဖြစ်ပွားလျက်ရှိသော နယ်စပ်ပြဿနာများနှင့် အကြမ်းဖက်ဝါဒကို တုံ့ပြန်သွားရန် ရေးဆွဲထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နယ်မြေ ကီလိုမီတာ ၅၀ မှ ၆၀ ခန့်ကို ချက်ချင်းသိမ်းပိုက်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ်တွင် Cold Start အခြေခံသဘောတရားကို စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပဋိပက္ခလွန်ကာလ ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ရာတွင် မောင်းနှင်အားတစ်ရပ်အဖြစ် လုပ်ဆောင်ရန်၊ နိုင်ငံတကာ တုံ့ပြန်မှုများကို ကာကွယ်ရန်နှင့် ပါကစ္စတန်၏ နျူကလီးယားတုံ့ပြန်မှုကို ရှောင်ရှားနိုင်ရန် ၎င်းသဘောတရားကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

Cold Start အခြေခံသဘောတရားသည် ယာဉ်တင်ခြေမြန်တပ်ရင်းပါဝင်သော ပေါင်းစပ်တိုက်ပွဲဝင်အဖွဲ့များ၊ ရုတ်ခြည်းတပ်စုစည်းနိုင်သည့် အိန္ဒိယလေတပ်ဖွဲ့နှင့်အတူ အမြောက်နှင့်တင့်ကားအဖွဲ့များနှင့် ဆက်စပ်နယ်မြေများရရှိရေးအတွက် တပ်မ ရှစ်ခု အသုံးပြုသွားမည့်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ပါကစ္စတန်၏စစ်ဘက်သည် နျူကလီးယားကျည်ထိပ်ဖူး ၁၆၅ ခုခန့်သာ ပိုင်ဆိုင်ထားရှိသောကြောင့် MIRVs သည် အိန္ဒိယ၏ အင်အားသာလွန်သော သမားရိုးကျတပ်ဖွဲ့ကိုတုံ့ပြန်ရာတွင် မဟာဗျူဟာမြောက် တိုက်ပွဲဝင်လက်နက်များအဖြစ် အသုံးချသွားနိုင်ဖွယ်ရာရှိသည်။ ထို့ပြင် ပါကစ္စတန်အနေဖြင့် အိန္ဒိယ၏ ကနဦးတိုက်ခိုက်မှုများကို လက်တုံ့ပြန်တိုက်ခိုက်နိုင်သည့် MIRV များ ပိုမိုတိုးမြှင့်တည်ဆောက်ခြင်းအားဖြင့် ၎င်း၏နျူကလီးယားတပ်ဖွဲ့များကို ကာကွယ်သွားနိုင်မည်ဖြစ်သည်။ ပါကစ္စတန်၏ MIRV တိုးတက်ထုတ်လုပ်မှုသည် ပါကစ္စတန်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ပါဝင်သည့် တောင်အာရှဒေသ၏ နျူကလီးယားတည်ဆောက်မှုများကို ပိုမိုရှုပ်ထွေးလာစေဖွယ်ရာ ရှိနေသည်။ အဆိုပါ နျူကလီးယားပိုင်ဆိုင်ထားသော နိုင်ငံများ၏ နယ်မြေထိစပ်မှုသည် နျူကလီးယားစစ်ပွဲ ဖြစ်ပွားလာနိုင်သည့် အန္တရာယ်နှင့် အိန္ဒိယအတွက် စစ်ရေးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှု စစ်မျက်နှာစာနှစ်ခုကိုပင်လျှင် ဖြစ်ပွားလာနိုင်ပေသည်။

ပါကစ္စတန်အနေဖြင့် နျူကလီးယားဟန့်တားမှု စွမ်းဆောင်ရည်၊ တရုတ်နိုင်ငံ၏ အကူအညီအပြင် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ ကြီးထွားလာသောစစ်ရေးစွမ်းဆောင်မှုများနှင့် လွှမ်းမိုးမှုများဖြင့် အိန္ဒိယနှင့် အင်အားအချိုးမညီမျှမှု ဟာကွက်ကိုဖြည့်ဆည်းသွားရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် တရုတ်နှင့် ပါကစ္စတန်တို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဖွဲ့စည်းမှုသည် ပွင့်လင်းမြင်သာမှုမရှိဘဲ သွယ်ဝိုက်ဆောင်ရွက်လျက်ရှိသည်။ ဆိုလိုသည်မှာ စစ်မက်ဖြစ်ပွားလာသည့်အချိန်တွင် အပြန်အလှန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပေ။

အမှန်တော့ တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ နည်းပညာများနှင့် နျူကလီးယားကျည်ထိပ်ဖူးများ တိုးတက်တည်ဆောက်လျက်ရှိသောကြောင့် လုံခြုံရေးဆိုင်ရာအကျပ်အတည်းနှင့် နျူကလီးယားပဋိပက္ခ ဖြစ်ပွားလာနိုင်သည့် အန္တရာယ် မြင့်တက်လာလျက်ရှိသည်။ အမှန်တော့ အတိတ်က သင်ခန်းစာများရှိနေသည့် အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ပွတ်တိုက်မှုသည် အနာဂတ်တွင် စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေနိုင်သည်။

တောင်အာရှဒေသ၏ မဟာဗျူဟာမြောက် တည်ငြိမ်မှုသည် နျူကလီးယား ကျည်ထိပ်ဖူးများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြင့်ပေးပို့မှုစနစ်များ အပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာပြောင်းလဲမှုများနှင့် စစ်ဘက်ဆိုင်ရာနည်းပညာများ ပြောင်းလဲလာမှုတို့ကြောင့် မရေရာမသေချာမှုများ ဖြစ်ပေါ်လာလျက်ရှိသည်။ ပြည်တွင်းနိုင်ငံရေးအခြေအနေများနှင့် အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ လွှမ်းမိုးလာသည့် ပြင်ပသက်ရောက်မှုများကြောင့် အကြမ်းဖက်ဝါဒနှင့် နယ်စပ်အငြင်းပွားမှုများ ဖြစ်ပွားလာနိုင်သဖြင့် အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေးသည် ပိုမိုဆုတ်ယုတ်လာဖွယ်ရာရှိနေသည်။ ထို့ပြင် အိန္ဒိယ-တရုတ် နယ်စပ်အငြင်းပွားမှုတို့သည်လည်း တောင်အာရှဒေသတွင် နျူကလီးယားလက်နက် တိုးမြှင့်တည်ဆောက်မှုနှင့် စစ်အင်အားတိုးချဲ့တည်ဆောက်မှုများ ပိုမိုလုပ်ဆောင်လာစေလျက်ရှိသည်။ ထို့ကြောင့် ပါကစ္စတန်၏ MIRV များသည် တိုင်းပြည်ကာကွယ်ရေးနှင့် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်တို့ကို ပိုမိုခိုင်မာ အားကောင်းလာစေနိုင်မည် ဖြစ်ပေသည်။

**ကိုးကား**


- **Pakistan MIRV test heats up South Asia's arms race By Asia Times.**


# မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကံဦးစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကံဦးစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကံဦးစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၅၆ သိန်း စုစုပေါင်းငွေကျပ် ၂၀၆ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**နီလာ**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing warmly visits officers and other ranks, who were wounded while discharging national defence and security duty, asks after their health individually



Senior General Min Aung Hlaing asks after the health of a patient.



Senior General Min Aung Hlaing gives words of encouragement to a patient.

**Nay Pyi Taw November 19**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, and senior military officers from Office of Commander-in-Chief, asked after the health of officers and other ranks, who were wounded while discharging national defence and security duty, at the Department of Orthopedic and Wound Care of 1000-bed Military Hospital in Nay Pyi Taw this afternoon.

During the visit, the Senior General asked after the health of patients individually and warmly inquired about the wound causes and convalescence. He also looked into the requirements of patients.

The Senior General also presented honourary cash awards and gifts to patients receiving medical treatment at the hospital.

The Chief of General Staff (Army, Navy and Air) and high level military officers, who accompanied the Senior General, then warmly gave words of encouragement to patients individually and provided them with honourary cash awards and gifts.

100



Senior General Min Aung Hlaing inspects the wound of a patient.



Senior General Min Aung Hlaing presents gift to a patient.

# Water supply projects hit more than 670 till the end of October 2023



A rural water supply project being implemented.

**Nay Pyi Taw November 19**

The Ministry of Cooperatives and Rural Development stated that more than 670 water supply projects have been implemented at the end of October 2023.

The Department of Rural Development under the Ministry of Cooperatives and Rural Development is implementing rural water supply projects in relevant financial years for enabling rural people to consume safe water in 2030.

In this regard, the projects are being implemented with the original allotted fund, improved fund, State financial assistance and cooperation of UNICEF, fund of arid zone water supply project and region/state allotted funds.

In 2022-23 financial year, the department implemented 1,202 rural water supply projects compared with 1,194 projects in 2023-24 financial year comprising 581 rural water supply projects with the original fund, 118 renovated projects, 180 projects with the State financial assistance and 315 projects with fund of UNICEF.

Up to October in 2023, the department has completed implementation of 135 rural water supply projects with the original fund, 57 renovated tasks of the projects, 175 projects with the State financial assistance and 311 with the fund of UNICEF, totalling 678.

At present, the department is implementing 514 rural water supply projects with the different forms of funds.

In 2023-24 financial year, it needs to implement one renovated project and one more project with the State financial assistance. These projects are scheduled to be completed in 2023-24 financial year.

336

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar earns a trade surplus of over US$1.5 b from border trade stations within 7 months of 2023-2024 FY


A border trade station.

**Nay Pyi Taw November 19**

Myanmar's border trade stations have achieved a trade surplus of more than US$1,500 million from April to the end of October in 2023-2024 FY, according to reports from the Ministry of Commerce.

At present, Myanmar has opened border trade stations in border regions and is carrying out border trade activities. There are 17 border trade posts opened to carry out border trade activities with China, Thailand, India and Bangladesh.

From the 17 border trading posts that are carrying out border trade activities, the trade volume during the seven months from April to the end of October in the 2023-2024 FY was US$ 53,321.153 million. In doing so, the export amount was US$3,424.624 million and import amount is US$1,907.529 million.

In that period, Myanmar was able to achieve a trade volume of US$18,261.608 million. The amount of trade from the maritime trade was US$12,929.455 million and from the border trade was US$5,321.153 million.

336

# Pilot project courses for increasing incomes conducted to operate small-scale manufacturing this FY

**Mandalay November 19**

The pilot project courses for increasing incomes for small-scale manufacturing have been conducted this financial year, said director U Win Bo of Mandalay Region Small-scale Industries Deparment.

The project is scheduled to be implemented in four districts for rural people development. These are the one village-one product project, youth job creation project, increase income projects for women, and establishment of modern smart villages to increase incomes for rural people. To implement these projects, plans are underway to conduct eight courses, and so far, four courses have been conducted.

"This financial year, four projects will be implemented for operating small-scale products and increasing incomes. From July this year, the projects are emphasizing socioeconomic development of rural people and emergence of businesspersons. In Mandalay Region, four pilot projects are being implemented in four districts. At present, four vocational courses have been conducted for enabling the rural people to increase incomes. Moreover, we render assistance to five businesspersons who


A food manufacturing process in a village.

completed the courses," he explained.

As part of implementation of the projects, the one-village one-product project is being implemented in PyinOoLwin District, the job creation project for youths in Kyaukse District, income increasing project for women in NyaungU District and implementation of modern smart villages to increase incomes of rural people in Yamethin District.

185

# Trade surplus scores more than $58 million at Kawthoung border within seven months

**Kawthoung November 19**

The Ministry of Commerce recently stated Kawthoung border trade bagged more than US$58 million of trade surplus within seven months of this financial year.

Kawthoung border trade camp among six camps along Myanmar-Thai border lines is the third largest trade volume in 2022-23 financial year.

The camp could manage the trade value worth US$231.112 million in 2022-23 financial year including US$206.324 million worth of export and US$24.788 million worth of import ones, with US$181.536 million of trade surplus.

During seven-month period from April to October this financial year, the camp handled trade value US$87.554 million including US$73.237 million worth of export goods and US$14.317 million worth of import goods, with US$58.92 million of trade surplus.

During the period, Myanmar exported fishery products, shrimp, crab, snail, fish meal, cashew seeds and oil palm to Thailand vial Kawthoung camp and imported tpioca powder, salt, diesel, petroleum, soda, sodium carbonate, lime and dyes. 336

# Experts pool wisdom to address global development challenges at forum

**Beijing November 19**

The development of the world must be achieved through the process of globalization, while de-globalization is not helpful, according to experts attending the Tongzhou Global Development Forum on Saturday in Beijing.

The two-day event, hosted by Renmin University of China (RUC) and co-organized by the People's Government of Tongzhou District, brought together more than 400 attendees from over 30 countries around the world.

Four parallel sessions featuring topics including Chinese modernization and the global governance system, and several academic dialogues were also held during the forum.

"To address the issue of global common development, I still believe that economic globalization, investment facilitation and trade liberalization are fundamental approaches," said Wu Xiaoqiu, dean of the National Finance Research Institute of RUC.

Uncertainty is a prominent feature of this era, Wu said, adding that finding opportunities for development is a challenge for the whole world.

Adrian Nastase, a former Romanian prime minister, noted the necessity of building international consensus to promote development and strengthen the objectives of the UN 2030 Agenda for Sustainable Development to create a favorable international environment.

Xinhua

# Israeli military says expanding ground offensive in Gaza

**Jerusalem November 19**

The Israel Defense Forces (IDF) announced Saturday that it has expanded the offensive against Hamas in the Palestinian coastal enclave of Gaza Strip.

The IDF said that the attacks were carried out in the Zeitoun district in southern Gaza City and the city of Jabalia in the northern Gaza Strip to hit Hamas and its infrastructures.

It claimed that a Hamas brigade command and control center is located in Jabalia, with four Hamas battalions, while a major battalion operates in Zeitoun.

The IDF also revealed the identities of six Israeli soldiers who were killed in Gaza battles over the past few days, bringing to 56 its death toll since launching the ground incursion into Gaza.

Israeli troops have been carrying out attacks on Gaza over the past weeks to retaliate against the Hamas surprise attack on southern Israel on Oct. 7, during which Hamas militants killed about 1,200 people and took more than 200 hostages. The ongoing conflict has also killed more than 12,000 Palestinians, according to Gaza's government media office.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဆားဘီးယားအခြေစိုက် PR-DC ကုမ္ပဏီက 60mm မော်တာဗုံးသီးတပ် Kamikaze ဒရုန်းကို ထုတ်ဖော်ပြသ




နိုင်ငံတကာလုံခြုံရေးနှင့် ဘေးကင်းရေးပြပွဲ Milipol Paris 2023 တွင် ဆားဘီးယားအခြေစိုက် ကုမ္ပဏီဖြစ်သည့် Pink Research & Development Center (PR-DC)သည် ဒရုန်းစစ်ဆင်ရေးနည်းပညာတွင် ထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုအနေဖြင့် 60mm မော်တာဗုံးသီးတပ် Kamikaze ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Quadcopter ဒရုန်းဒီဇိုင်းကို အခြေခံ၍ ဆန်းသစ်တီထွင်ထုတ်လုပ်ထားသော အဆိုပါ Kamikaze ဒရုန်းသည် ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့် Vertical Take-Off နှင့် Landing (VTOL) စွမ်းရည်များပါရှိသည်။ ပျံသန်းမှုအလေးချိန် ၃ ဒသမ ၅ ကီလိုဂရမ်ရှိ၍ ဒရုန်းစစ်ဆင်ရေးအတွက် အံဝင်ခွင်ကျဖြစ်သော M68P1-D Fuse တပ် အဆင့်မြှင့်တင်ထားသော M736 မော်တာကျည်ကိုအခြေခံ၍ ဝေဟင်ဗုံးကိုသယ်ဆောင်ရန် အထူးတီထွင် ဖန်တီးထားသည်။

ခေတ်မီဒရုန်းနည်းပညာနှင့် သမားရိုးကျလက်နက်များ ပေါင်းစပ်ခြင်းသည် ခေတ်သစ်စစ်ပွဲတွင် တိကျမှုရှိစွာတိုက်ပွဲဝင်နိုင်စွမ်းကို ဖော်ညွှန်းလျက်ရှိသည်။

60mm မော်တာဗုံးသီးတပ် Kamikaze ဒရုန်းသည် GNSS (Global Navigation Satellite System) မှ လမ်းညွှန်ထိန်းကျောင်း ပျံသန်းနိုင်ပြီး အကွာအဝေး ၁၅ ကီလိုမီတာထိ ကြိုတင်သတ်မှတ်ထားသော လမ်းကြောင်းများမှတစ်ဆင့် ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ထို့ပြင် ဒရုန်းတွင် အရည်အသွေးမြင့် ကင်မရာတစ်လုံး တပ်ဆင်ထားပြီး ရည်ရွယ်ချက်နှစ်ခုဖြင့် တာဝန်ထမ်းဆောင်နိုင်သည်။

၎င်းသည် အော်ပရေတာက ဝေးလံခေါင်သီသောနေရာမှနေ၍ လူကိုယ်တိုင်လမ်းညွှန်ထိန်းကျောင်း ပျံသန်းနိုင်စေကာ ပစ်မှတ်ကိုစိစစ်ခွဲခြားဖော်ထုတ်နိုင်သည်။

၎င်းကင်မရာစနစ်သည် အော်ပရေတာအား ဒရုန်းကို မြေပြင်ပစ်မှတ်များပေါ်တွင် မော်တာဗုံးသီးဖြင့် တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်း ရှိစေမည်ဖြစ်သည်။

Kamikaze ဒရုန်း၏ အထူးခြားဆုံးအင်္ဂါရပ်များထဲမှတစ်ခုမှာ ၎င်း၏ ထိန်းချုပ်မှုစနစ်ဖြစ်သည်။ မြေပြင်စခန်းတစ်ခုတည်းမှ လည်ပတ်လုပ်ဆောင်နိုင်သည့် ပေါင်းစပ်ဆော့ဖ်ဝဲသည် ဒရုန်းများစွာကို တစ်ပြိုင်နက်ထိန်းချုပ်ရန် ဒီဇိုင်းထုတ်ထားသည်။

Kamikaze ဒရုန်းများ ပါဝင်သော ဒရုန်းအုပ်ကို ဖြန့်ကြက်ချထားခြင်းသည် တိုက်ခိုက်ရေးအခြေအနေများတွင် သက်ရောက်မှုကို အမြင့်မားဆုံးဖြစ်စေနိုင်ပြီး ထိုးစစ်နှင့်ခံစစ် စစ်ဆင်ရေးများတွင် မဟာဗျူဟာမြောက် အားသာချက်တစ်ရပ်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော Milipol Paris 2023 တွင် 60mmဗုံးသီးတပ် Kamikaze ဒရုန်းကို မိတ်ဆက်ခြင်းသည် တုံ့ပြန်မှုများစွာကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်းသည် သိသာထင်ရှားသော နည်းပညာတိုးတက်မှုကိုကိုယ်စားပြုသော်လည်း ခေတ်သစ်စစ်ပွဲ၏အနာဂတ်နှင့် ထိုကဲ့သို့အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်သောလက်နက်စနစ်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများနှင့်ပတ်သက်၍ အရေးကြီးသော ဆွေးနွေးမှုများကိုလည်း ပေါ်ပေါက်စေခဲ့သည်။ ၎င်းဒရုန်းများသည် သေစေလောက်သောPay-load များကို တိကျစွာကြဲချတိုက်ခိုက်နိုင်စွမ်းရှိသောကြောင့် ပဋိပက္ခဇုန်များတွင်၎င်းတို့၏တပ်ဖြန့်ချထားမှုသည် စစ်ရေးလှုပ်ရှားမှုများအပေါ် အလှည့်အပြောင်းဖြစ်စေနိုင်ပြီး တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့်ထိန်းချုပ်မှုအစီအမံများလိုအပ်ကြောင်း အလေးပေး ပြောကြားလာခဲ့ကြသည်။

လုံခြုံရေးပြပွဲကို ဆက်လက်ပြုလုပ်နေချိန်တွင် PR-DC ၏ Kamikaze ဒရုန်းသည် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုကို ပြသရုံသာမက စစ်ပွဲများ၏ အနာဂတ်နှင့် မောင်းသူမဲ့စနစ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် အရေးကြီးသော ပြောဆိုဆွေးနွေးနေမှုများအတွက် အထောက်အကူဖြစ်စေသည်။

**Milipol 2023: Serbian Company PR-DC Unveils 60mm Mortar Kamikaze Drone ကို ဘာသာပြန်ဆိုထားပါသည်။**

---

## Northrop Grumman ကုမ္ပဏီက MQ-4C Triton ဒရုန်း ပထမဆုံးပျံသန်းမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့

အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီသည် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ၎င်း၏ Palmdale Aircraft Integration Center တွင် ဩစတြေးလျနိုင်ငံ၏ ဘက်စုံထောက်လှမ်းရေး MQ-4C Triton ဒရုန်း ပထမဆုံးအကြိမ်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု www.airrecognition.com သတင်းဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Northrop Grumman ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံအတွက် ပထမဆုံး Triton ဒရုန်းကို ၂၀၂၄ ခုနှစ်တွင် ပေးပို့နိုင်ရန် ပြင်ဆင်လုပ်ဆောင်နေစဉ် အဆိုပါပျံသန်းမှုသည် ထုတ်လုပ်မှုအတွက် အဓိကအရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည်။

အမေရိကန်ရေတပ်နှင့် ဩစတြေးလျတော်ဝင်လေတပ်အတွက် တည်ဆောက်ထားသည့် ဘက်စုံထောက်လှမ်းရေး MQ-4C Triton ဒရုန်းသည် အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနေနိုင်စွမ်းရှိသော ပင်လယ်ရေကြောင်း ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ကင်းထောက်ရေးနှင့်ပစ်မှတ်များ စိစစ်ခွဲခြားဖော်ထုတ်နိုင်စွမ်းရှိသည်။

ပထမအကြိမ် ပျံသန်းမှုမှာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းပျံသန်းချိန် ၆ နာရီ ၂၄ မိနစ်ခန့်ရှိသည်။ အင်ဂျင်၊ ပျံသန်းရေးထိန်းချုပ်မှု၊ လောင်စာဆီစနစ် စစ်ဆေးခြင်းနှင့် လေယာဉ်အခြေခံလုပ်ဆောင်ချက်များအပေါ် စမ်းသပ်ခြင်းကဲ့သို့သော လေကြောင်းဆိုင်ရာအကဲဖြတ်မှုများ ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

စက်တင်ဘာလတွင် ဩစတြေးလျအစိုးရသည် ရေတပ်ရေယာဉ်စု၏စွမ်းအားကို မြှင့်တင်ပေးနိုင်မည့် စတုတ္ထမြောက်ဒရုန်းကို ထပ်မံအင်အားဖြည့်တင်းနိုင်ခဲ့ကြောင်းကြေညာခဲ့ပြီး ဩစတြေးလျ၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို နေ့ညမပြတ် စောင့်ကြည့်၍ ကာကွယ်စောင့်ရှောက်ရန် သာလွန်ကောင်းမွန်သော ထောက်လှမ်းရေးစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို ၂၄ နာရီပတ်လုံး စောင့်ကြည့်ကာကွယ်ရန် သာလွန်ကောင်းမွန်သောရေကြောင်း၊ တာဝေးပျံသန်းစောင့်ကြည့်ရေးစွမ်းရည်ကို ထူထောင်နိုင်စေရန်အတွက် အလေးအနက်ထားအသုံးချနေသည်ဟု ဩစတြေးလျနှင့် နယူးဇီလန်တို့ရှိ Northrop Grummanကုမ္ပဏီအမှုဆောင်အရာရှိနှင့် အထွေထွေမန်နေဂျာတာဝန်ယူထားသူ Christine Zeitz က ပြောကြားသည်။




Triton ဒရုန်းသည် ယုံကြည်စိတ်ချရသော အချိန်နှင့်တစ်ပြေးညီထောက်လှမ်းရေးနှင့် အခြေအနေဆိုင်ရာအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် ဩစတြေးလျနိုင်ငံအတွက် ထောက်လှမ်းရေးစွမ်းရည်များကို မြှင့်တင်တိုးချဲ့လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ အဆက်မပြတ်စောင့်ကြည့်ခြင်းသည် ပိုမိုကောင်းမွန်သောအစီအစဉ်များ ချမှတ်လုပ်ဆောင်နိုင်ပြီးပူးတွဲစစ်ရေးတုံ့ပြန်မှုများနှင့် စစ်ဆင်ရေးများကို သာလွန်ကောင်းမွန်စေသည်ဟု ဩစတြေးလျတော်ဝင်လေတပ် အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး Robert Chipman က မှတ်ချက်ပြုပြောကြားသည်။

ဘက်စုံသုံးထောက်လှမ်းရေး MQ-4C Triton ဒရုန်းကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃ ရက်က အမေရိကန်ရေတပ်မှ တိုက်ပွဲဝင်အသင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

**Northrop Grumman achieves first flight of Royal Australian Air Force's MQ-4C Triton ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၆၃၀၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၆၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၄၈၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ဧက ၁၄၈၀ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် တန့်ဆည်မြို့နယ်မှာ ဆီထွက်သီးနှံဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၃၆၀၀၀ စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ဧက ၁၀၀၀ ကျော် တိုးစိုက်နိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲဧက ၃၅၇၄၀၊ နှမ်း ၄၉၅ ဧက၊ နေကြာ ၆၇ ဧက စုစုပေါင်း ၃၆၃၀၂ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၃၄၀၁၅ ဧက၊ နှမ်းဧက ၇၄၀၊ နေကြာ ၆၇ ဧက စုစုပေါင်း ၃၄၈၂၂ ဧကဖြစ်ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တာချီလိတ်မြို့နယ် တာကြန့်ခေတ်မီစံပြကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**တာချီလိတ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် တာကြန့်ခေတ်မီ စံပြကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက တာကြန့်ခေတ်မီစံပြကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် လက်တူးရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဆိုလာစနစ် တည်ဆောက်ခြင်း၊ ရေပန့် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်အသုံးပြုသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။



တာချီလိတ်မြို့နယ် တာကြန့်ခေတ်မီစံပြကျေးရွာတွင် လက်တူးရေတွင်းတူးဖော်ခြင်း အကျယ် ပေ ၁၀၊ အနက် ၂၆ ပေ၊ ဆက်စပ်လုပ်ငန်းများဖြစ်သော ဆိုလာစနစ် ၁ ဒသမ ၈ ကီလိုဝပ်တည်ဆောက်ခြင်း၊ ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Nature Link Company (Trusty) နှင့်ပူးပေါင်း၍ မကျီးပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက မကျီးပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Nature Link Company (Trusty)မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၂ ရှေ့ဖုံးမှအဆက်

ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော် တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)ရှိ အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုသမှုဌာန၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် အရာရှိ၊ စစ်သည်များကို တစ်ဦးချင်းရင်းနှီးနွေးထွေး စွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းကာ အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး က အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။







တပ်မတော်အရာရှိကြီးများက အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိပြီး အပ်ငွေများအပေါ် ဗဟိုဘဏ်က အပြည့်အဝအာမခံ

# ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကို ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူသွားမည်

**ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်–**

**မေး ။** ဒီရက်ပိုင်းအတွင်း ဘဏ်တွေရှေ့မှာ ပြည်သူတွေ ငွေထုတ်ယူနိုင်ဖို့အတွက် တန်းစီနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ဘာကြောင့်လို့ ပြောချင်ပါသလဲ။

**ဖြေ ။** လတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုနဲ့ စီးပွားရေးတည်ငြိမ်မှုကိုမလိုလားတဲ့ သတင်းမီဒီယာများ၊ အကြမ်းဖက်အုပ်စုများနဲ့ ၎င်းတို့ကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်စာမျက်နှာများမှာ သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး ယင်းသတင်းများအနက် နယ်ဘဏ်ခွဲအချို့မှာ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်တိုက်ခိုက်လုယက်ဖျက်ဆီးမှုတွေကို အခွင့်ကောင်းယူပြီး အဆိုပါသတင်းတွေကို ဓာတ်ပုံများနဲ့တကွဖော်ပြပြီး ပြည်သူတွေက ဘဏ်များမှ ငွေထုတ်ယူလို့မရတော့သယောင် သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူများစိုးရိမ်ပူပန်မှုမြင့်တက်ပြီး ဘဏ်များမှ ငွေတွေကို လိုသည်ထက်ပို၍ ထုတ်ယူနေခြင်းဖြစ်တယ်လို့ပြောကြားလိုပါတယ်။

**မေး ။** အခုလတ်တလောအခြေအနေတွေအရ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေမှာ အများပြည်သူ ငွေသားထုတ်ယူမှုအပေါ် ကန့်သတ်လိုက်ပြီဆိုတာ ဟုတ်ပါသလား။

**ဖြေ ။** မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ အပ်နှံငွေအပေါ် ငွေထုတ်ယူနိုင်ဖို့အတွက် ဘဏ်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ပြည်သူက အပ်နှံထားတဲ့ ငွေများ အဆင်ပြေပြေထုတ်ယူနိုင်ရေးအပေါ် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

**မေး ။** Special Account တွေကနေ အချိန်မရွေးငွေကြိုက်သလောက် ထုတ်ယူနိုင်တယ်လို့ နားလည်ထားပါတယ်။ ဒီရက်ပိုင်း Special Account တွေကို ငွေထုတ်ယူမှုကန့်သတ်လိုက်ကြောင်း သတင်းတွေ ထွက်ပေါ်နေပါတယ်။ မှန်ပါသလား။ မြေပြင်မှာ ငွေသွားထုတ်တဲ့အခါမှာ တန်းစီနေရပြီး ကိုယ့်အလှည့်ရောက်တဲ့အခါမှာ လိုချင်သလောက်မရခြင်း၊ နောက်ရက်မှ လာထုတ်ဖို့ ထပ်မံချိန်းဆိုခြင်းတွေ ကြုံတွေ့နေရတဲ့အပေါ် ဘာများပြောချင်ပါသလဲ။

**ဖြေ ။** အပ်နှံငွေရဲ့အနေအထားအရ New Account(Special Account) ဆိုရင် ငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထည့်သွင်းခဲ့တဲ့ဘဏ်တွေမှာ ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေထုတ်ယူသူများရင် ဘဏ်အနေနဲ့ ၎င်းတို့ရဲ့ ငွေသိုလှောင်ခန်း အကျယ်အဝန်းပေါ်မူတည်ပြီး ငွေသားများထားရှိရတဲ့အတွက် ထုတ်ပေးဖို့ ငွေပမာဏကို စီစဉ်ဖို့လိုအပ်တာကြောင့် မိမိငွေထုတ်ယူလိုတဲ့ ပမာဏကို ဘဏ်ကို ကြိုတင်အသိပေးအကြောင်းကြားထားရင် အဆင်ပြေမှာဖြစ်ပါတယ်။

**မေး ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိတယ်လို့ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေမှာ ကန့်သတ်ချက်တွေရှိနေလို့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။

**ဖြေ ။** အများပြည်သူအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားအပေါ်မူတည်ပြီး ဘဏ်က ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Accountဆိုရင် မိမိငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း(Saving Account)ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူမှုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စာရင်းသေအပ်ငွေ (Fixed Deposit)ဖြစ်ရင် သက်တမ်းပြည့်မယ့်အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းတွေနဲ့ပတ်သက်ရင် ဘဏ်များမှ ငွေထုတ်ယူရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှုအဆင်ပြေစေရေး အစီအစဉ်သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်းများ၊ Account Transfer များနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

**မေး ။** ပြည်တွင်း၊ပြည်ပမီဒီယာများနဲ့ လူမှုကွန်ရက်တွေမှာ သွေးထိုးလှုံ့ဆော်မှုနဲ့ ဝိသမလောဘသားများရဲ့ ကိုယ်ကျိုးစီးပွားရှာသွေးထိုးမှုတွေကြောင့် ပုံမှန်ပြန်လည်လည်ပတ်နေတဲ့ ဘဏ်တွေမှာ ပြည်သူတွေ စိုးရိမ်တကြီးငွေတွေထုတ်ပါတယ်။ ဘဏ်တွေ မပြိုလဲဖို့နဲ့ ပြည်သူတွေရဲ့ အပ်နှံငွေတွေ မဆုံးရှုံးစေဖို့ ဗဟိုဘဏ်က ဘယ်လိုအာမခံချက်တွေပေးဖို့ရှိပါသလဲ။

**ဖြေ ။** ဗဟိုဘဏ်က အပြည့်အဝအာမခံထားပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကာလမှာသာမက ကောလာဟလဖြစ်တိုင်း ဗဟိုဘဏ်က ပြည်သူများရဲ့ အပ်နှံငွေအပေါ် အပြည့်အဝအာမခံရှိတာကို အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဘဏ်တွေက အဆိုပါအပ်နှံငွေများ ပြန်လည်ထုတ်ပေးနိုင်ဖို့ ဗဟိုဘဏ်မှာ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေလိုအပ်ချက်ကို အပ်နှံထားရှိလျက်ရှိရာ လက်ရှိမှာ ဘဏ်များက အနည်းဆုံးလိုအပ်ချက်ထက်ပိုပြီး ဗဟိုဘဏ်ထံ အပ်နှံထားပါတယ်။ ဒ့ါပြင် ပြည်သူလူထုကို ငွေပြန်လည်ထုတ်ပေးနိုင်ဖို့ ငွေကြေးလွယ်ကူမှုအချိုးများနဲ့လည်း စောင့်ကြပ်ထိန်းကျောင်းလျက်ရှိရာ ဘဏ်များအနေနဲ့ အပ်နှံငွေတွေ အပြည့်အဝပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေကိုစောင့်ကြည့်ကြပ်မတ်လျက်ရှိတာကြောင့် ဘဏ်တွေအနေနဲ့လည်း အဆင်ပြေချောမွေ့စွာ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပုံမှန်အတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

**မေး ။** ဘဏ်ကငွေတွေ အလုအယက်ထုတ်အောင် ကောလာဟလတွေ ထုတ်ပြီး ရွှေနဲ့ ဒေါ်လာဈေးကို ဆွဲတင်နေတဲ့သူတွေကို ထိထိရောက်ရောက်အရေးယူမယ့်အစီအစဉ်များ ရှိပါသလား။

**ဖြေ ။** ဘဏ်တွေမှာ ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားတဲ့ ငွေကြေး ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ထုတ်ယူတဲ့ ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU) ထံ ပေးပို့ရတယ်။ အခုငွေထုတ်များနေတဲ့ သူတွေအားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး ။** ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေမြင့်တက်မှုအပေါ် ဗဟိုဘဏ်အနေနဲ့ မည်သည့်သတင်းစကားပါးလိုပါသလဲ။

**ဖြေ ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ပေးချေမှုများ တိုးတက်စေဖို့အတွက် ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းတွေဖြစ်တဲ့ အီလက်ထရောနစ်ကတ်များဖြင့်လည်းကောင်း၊ ဘဏ်များရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ မိုဘိုင်း Pay များ၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်း Wallet များအသုံးပြုပြီး အများပြည်သူအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေအသုံးပြုပြီး လုံခြုံစိတ်ချရတဲ့စရိတ်စကသက်သာစွာနဲ့ အကျွမ်းတဝင်ကောင်းမွန်စွာလည်ပတ်ပြီး ငွေပေးချေမှုပြုလုပ်နိုင်ဖို့ကို ပြည်သူတွေကလည်း သုံးစွဲနေပြီး တိုးတက်မှုများလည်း နေ့စဉ်တွေ့ရှိနေရပြီဖြစ်ပါတယ်။ ဘဏ်စနစ်ကို ကောင်းမွန်စွာအသုံးပြုနေတဲ့ လုပ်ငန်းရှင်ကြီးများနဲ့ ကုန်သည်များသာမက ကျေးလက်ဒေသရှိ ပြည်သူများကလည်း (ဥပမာ KBZ Pay)ကို လူကြီးလူငယ်များက အကျွမ်းတဝင်အသုံးပြုနေပြီဖြစ်ပါတယ်။ လက်ရှိကောလာဟလနဲ့ ငွေကြေးစနစ်ကို မတည်ငြိမ်အောင်နှောင့်ယှက်နေတဲ့ အဖျက်မီဒီယာတွေကြောင့် ပြည်သူများအနေနဲ့ အဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကိုယုံကြည်ပြီး ငွေသားကိုင်ဆောင်မှုကို ပြန်လည်လိုက်ပါဖို့ မလိုအပ်ဘဲ ပုံမှန်အတိုင်း မိမိတို့ရဲ့ဘဏ်စနစ်နဲ့ ငွေပေးချေမှုများကိုဆက်လက်သုံးစွဲဖို့လိုအပ်ပါတယ်။

ဘဏ်စနစ်ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကိုအခြေခံပြီး စောင့်ကြည့်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့ အပ်နှံငွေတွေဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝအာမခံပါတယ်။ ဘဏ်များနဲ့ ဗဟိုဘဏ်မှာ ငွေသားအလုံအလောက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ဟာ ဘဏ်ခွဲအချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးတဲ့ (Core Banking System)ကို အသုံးပြုလျက်ရှိပါတယ်။ ဘဏ်ခွဲတစ်ခုခုရဲ့ဝန်ဆောင်မှု အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားရင်လည်း ပြည်သူတွေအနေနဲ့ အပ်ငွေတွေထုတ်ယူမရတော့တဲ့ အခြေအနေမျိုး ဖြစ်ပေါ်သွားမှာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိမိအပ်နှံထားတဲ့ အပ်ငွေအမျိုးအစားအလိုက် ငွေသားထုတ်ယူနိုင်ပါတယ်။

ဘဏ်များမှာ ယုံကြည်စိတ်ချစွာအပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိရဲ့ငွေပဲဖြစ်ပြီး အဆိုပါငွေများဟာ ကိန်းဂဏန်းအတိအကျ၊ ပိုင်ရှင်အမည် အတိအကျနဲ့ ရှိနေပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ယူမှုနဲ့အကာအကွယ်ပေးမှု အပြည့်အဝရရှိနေမှာဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ကောလာဟလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေတွေစုပြုထုတ်ယူခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကောင်းမွန်စွာစီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်များရဲ့ ဝန်ဆောင်မှုများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပါတယ်။

ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူပြီး လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ခါးပြတိုက်ခြင်းများခံရနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်တဲ့အခြေအနေမျိုးဖြစ်ပေါ်နိုင်ပါတယ်။

ဘဏ်များရဲ့ပြင်ပမှာ ငွေသားတွေ လိုသည်ထက်ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့လှည့်ကွက်မှာပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာဖြစ်တဲ့အတွက် အဖျက်သမားများရဲ့ သတင်းမီဒီယာများက အခြေအမြစ်မရှိ ရေးသားဖော်ပြနေတာကို စဉ်းစားချင့်ချိန်ပြီး ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ယခင်ကလို ဘဏ်များထံမှ မိမိငွေတွေကို ရာခိုင်နှုန်းတစ်ရပ်ပေးပြီး လဲလှယ်ရယူခြင်းများကို ပြန်လည်ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နေ့စဉ် အချိန်နှင့်အမျှ ဘဏ်များရဲ့ ငွေသွင်း၊ ငွေထုတ် အပ်နှံငွေအခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူလူထုအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။

လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်တဲ့ ATM တွေမှာလည်း ငွေများဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကိုထိန်းချုပ်ရာမှာလည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်းအတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏအတိုင်း ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်းကောင်း၊ ပြည်တွင်းသုံးကတ်စနစ်ဖြင့်လည်းကောင်း၊ CBM Net System ဖြင့်လည်းကောင်း တစ်ဘဏ်မှတစ်ဘဏ် ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ ငွေလွှဲပြောင်းနိုင်ပြီး ပြည်သူများက Account Transfer နည်းများဖြင့်လည်း ငွေပေးချေမှုနည်းလမ်းများကို အကန့်အသတ်မရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။

**မေး ။** လတ်တလောဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တွေမှာ ဘဏ်အချို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ငွေကြေးကို လက်နက်ကိုင်အဖွဲ့အစည်းအချို့က သိမ်းသွားတာမျိုးရှိတယ်။ ဒီဖြစ်စဉ်မှာ ဆုံးရှုံးသွားတဲ့ ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်သွားဖို့ ရှိပါသလဲ။

**ဖြေ ။** အဲဒီဖြစ်စဉ်မှာပါရှိတဲ့ ဘဏ်တွေရဲ့ Customer များက မိမိတို့ငွေကြေးများကို အထောက်အထားများနဲ့တင်ပြလာရင် ဘဏ်များအနေနဲ့ ထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ဘဏ်များမှာလည်း ၎င်းတို့ရဲ့ Customer များရဲ့ စာရင်းတွေသိမ်းဆည်းထားပြီးဖြစ်လို့ ဘဏ်များရဲ့ မည်သည့်ဘဏ်ခွဲမဆို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများကို ယနေ့တွင်မြန်မာနိုင်ငံအစိုးရမှ တရားဥပဒေနှင့်အညီ စိစစ်ခြင်းများဆောင်ရွက်၍ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့မှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်တဲ့သူတွေကို ဥပဒေနဲ့အညီဆောင်ရွက်ပြီး လွှဲပြောင်းပေးတဲ့အခြေအနေတွေရှိပါတယ်။ အောက်တိုဘာ ၂၃ ရက်ကနေ နိုဝင်ဘာ ၁၉ ရက်ထိ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ဦး စုစုပေါင်း ၁၀၁၇ ဦးကို ဥပဒေနဲ့အညီစစ်ဆေးပြီးတော့ တရုတ်နိုင်ငံဘက်ကို လွှဲပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။


ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ကတော့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ နမ့်စလပ်မှာရှိတဲ့ လုံခြုံရေးနေရာတွေကို Drone နဲ့ Drop Bomb တွေ တော်တော်များများ လာချခဲ့တာရှိပါတယ်။ နမ့်ခမ်းမှာလည်းထိတွေ့တိုက်ပွဲရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထရွန်အိုင်စခန်းကို လာရောက်ပစ်ခတ်ခဲ့တာရှိတယ်။ နယ်ခြားစောင့်ရဲတွေ အခြေပြုတဲ့ အလယ်သံကျော်ရဲ့တောင်ဘက် ကိုးတန်ကောက်စခန်းကို လာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ ကယားပြည်နယ်မှာတော့ လွိုင်ကော်အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီနေရာမှာ ထူးခြားချက်ကတော့ ပထမဦးဆုံး ရခိုင်ပြည်နယ်ထဲမှာ အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ ထရွန်အိုင်၊ နန်းဘူး စတဲ့ အဲဒီစခန်းတွေက မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းဖောက်နေတဲ့ ကုလားတန်မြစ်ဘက်စုံစီမံကိန်းလုပ်နေတဲ့ လုံခြုံရေးစခန်းတွေဖြစ်ပါတယ်။ AA အနေနဲ့ ဒီနေရာတွေကို အဓိကထားပြီး တိုက်ခိုက်နေတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားဖြစ်စေတဲ့ အကြောင်းလည်းဖြစ်ပါတယ်။ ဒါ့ပြင် အဲဒီနယ်မြေက အဓိကအားဖြင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုတွေ၊ ခူမီးတိုင်းရင်းသားမျိုးနွယ်စုတွေနေတဲ့ နေရာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပလက်ဝနဲ့ ပလက်ဝမြောက်ဘက်ဒေသတွေမှာ နေထိုင်တဲ့ ဒေသခံတွေအနေနဲ့ကလည်း AA ကို အထူးဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားလာတာတွေရှိပါတယ်။ အဓိကကတော့ အဲဒီနယ်မြေမှာ ဖွံ့ဖြိုးတိုးတက်မှု မရှိအောင်၊ အဲဒီနယ်မြေ ပိတ်ဆို့အောင် အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ တိုင်းရင်းသားအချင်းချင်း နှိပ်ကွပ်ဖို့အတွက် ဆောင်ရွက်နေတာမျိုးဖြစ်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော် မနေ့ကပြောခဲ့တဲ့ နမ့်ခမ်းမှာဆိုရင် ကာကင်းကုန်းကို လာရောက်တိုက်ခိုက်ခဲ့တယ်။ တပ်မတော်က ပြန်လည်တိုက်ခိုက်ခဲ့တဲ့အတွက် TNLA အနေနဲ့ အကျအဆုံးများစွာရှိခဲ့တယ်။ တော်တော်လေး အကျအဆုံးများပါတယ်။ ထုံးစံအတိုင်းပါပဲ သူတို့အကျအဆုံးရှိပြီဆိုရင် အရင်တုန်းကသုံးနေကျအတိုင်းပဲ အသံထွက်လာပါတယ်။ အဆိပ်ဓာတ်ငွေ့နဲ့တိုက်ခိုက်တယ် ဆိုတာမျိုးတွေ ပြောလာကြတာကို တွေ့ရပါတယ်။ နမ့်စလပ်မှာရှိနေတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေနဲ့ နမ့်ခမ်းမှာရှိနေတဲ့ ရှေ့တန်းလုံခြုံရေးစခန်းတွေအနေနဲ့ ရန်သူကို ရှပ်ရှပ်ချွံချွံခုခံတိုက်ခိုက်ပြီး တန်ပြန်ချေမှုန်းခဲ့တဲ့အတွက် ရန်သူ့ဘက်မှာ အကျအဆုံးများစွာရှိပါတယ်။ ဒီအတွက်လည်း ရန်သူကို ကြံ့ကြံ့ခံခုခံတိုက်ခိုက်ပြီး တန်ပြန်တိုက်စစ်ဆင်နွှဲ ခဲ့တဲ့ အရာရှိ၊ စစ်သည်၊ ရဲမေအားလုံးကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအားလုံးက အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ကျူးကျော်သူတွေရဲ့ ကျူးကျော်စစ်ကို တန်ပြန်ချေမှုန်းနေတာပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသများ လုံခြုံရေးတို့အတွက် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ဒီတာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။ သမိုင်းပေးတာဝန်တွေ ကျေပွန်ခဲ့တဲ့ တပ်မတော်အနေနဲ့ အခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာလည်း နိုင်ငံတော် အမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင်၊ သောင်းကျန်းသူ အဖျက်သမားတွေကို အမြန်ဆုံးချေမှုန်းနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Tr Kay Patricia" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကေသွယ်ထွန်း ၅၂ နှစ်ကို နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "Ko Myat Yun Ara Kan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံရပ်ကွက်နေ စံရွှေမောင်ကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၃)

ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာအခြေခံမူများဖြစ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights of the Child) ကို ၁၉၅၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၌ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထိုစဉ်က အဖွဲ့ဝင် ၇၈ နိုင်ငံအားလုံးက အပြည့်အဝတညီတညွတ်တည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child-CRC) ကို (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၄/၂၅ ဖြင့် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပါသည်။ ထိုဖြစ်စဉ် နှစ်ရပ်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာ ၂၀ ရက်ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day) အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၃၄) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ **"အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက်ဖော်ဆောင်ပေး" "For Every Child, Every Right"** ဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် တစ်ရပ်ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRC) ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ မြန်မာနိုင်ငံကလည်း ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ရပ်ကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းများကို ပိုမိုကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီ ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု စသည်ဖြင့် စိန်ခေါ်မှုများ ရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်အောင် ဖန်တီးလုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ကလေးသူငယ်များ လူမှုအသိုက်အဝန်းအတွင်း အကျင့်စာရိတ္တကောင်းမွန်ပြီး အားကိုးအားထားရသော လူငယ်များဖြစ်လာစေရေး မျှော်မှန်းလျက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် (၃၄) ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်**



အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၃၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်စဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၃၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် (၃၃) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူကြသည့် သံဃာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သံဃာတော်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တပညာဝံသထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်



နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လွှဲပြောင်း ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီးအချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထို့ကဲ့သို့ နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၁၅ ဦး၊ အမျိုးသမီး ၈၂ ဦး၊ စုစုပေါင်း ၁၀၁၇ ဦးကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၉၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၉၉၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှလျှော့စားစို့

# ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အကြမ်းဖက်သောင်းကျန်းသူများကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲပြုလုပ်





**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၉**

အကြမ်းဖက် သောင်းကျန်းနေသူများကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပပြုလုပ်သည်။

အဆိုပါကန့်ကွက်ရှုတ်ချပွဲသို့ ငြိမ်းချမ်းရေးကိုလိုလားသော ပြည်သူများနှင့် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ တက်ရောက်ကြပြီး ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၊ Grand Aster Villa ရှေ့၊ ပျဉ်းမနား-တောင်ညိုလမ်းတွင် စုရပ်ပြုလုပ်၍ "ပြည်တွင်းရေးကိုဝင်ရောက်နှောင့်ယှက်သူများကို ဆန့်ကျင်ကြ၊အကြမ်းဖက်လုပ်ရပ်တွေချက်ချင်းရပ်၊ မြန်မာပြည်တစ်ဝန်းမှာငြိမ်းချမ်းရေးပန်းတွေပွင့်လန်းပါစေ၊ ပြည်ပအားကိုးပုဆိန်ရိုးများအား အလိုမရှိ၊ အလိုမရှိ၊ ပြည်ထောင်စုကိုဖြိုခွဲမည့်အကြံဒို့လက်မခံ၊ အရှေ့မြောက်ဒေသမှာငြိမ်းချမ်းရေးပန်းတွေပွင့်လမ်းပါစေ၊အမိမြေကိုကာကွယ်ကြ၊ ပြည်ထောင်စုကိုစုပေါင်းကာကွယ်ကြ"စသည့် ကြွေးကြော်သံများ ရေးသားထားသည့် ဗီနိုင်းများကိုင်ဆောင်ပြီးသံပြိုင်ကြွေးကြော်၍ ပျဉ်းမနား-တောင်ညိုလမ်းမကြီးအတိုင်း Grand Aster Villa ရှေ့မှနေပြည်တော်ကောင်စီရုံးရှေ့ထိ စုပေါင်းချီတက်ကာဆန္ဒထုတ်ဖော်ခဲ့ကြပြီး နေပြည်တော်ကောင်စီရုံးရှေ့ ရောက်ရှိချိန်တွင် မြန်မာ့အမျိုးသားရေးကွန်ရက်မှ အထွေထွေအတွင်းရေးမှူးက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် KNPP နှင့် PDF သောင်းကြမ်းသူများမှ စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်တိုက်ခိုက်မှုများမြန်မာပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ပြီး ပြည်သူများ အတိဒုက္ခရောက်စေရန် အကြမ်းဖက်သောင်းကျန်းသူများ၏နောက်ကွယ်မှ ကူညီပံ့ပိုးပေးနေသော နိုင်ငံများကိုကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုများကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချပွဲကို ယနေ့ညနေ ၄ နာရီခွဲက အမျိုးသားရေးလှုပ်ရှားသူရဟန်းသံဃာတော်များက ဦးဆောင်ကျင်းပခဲ့သည်။

ဦးစွာ အမျိုးသားရေးလှုပ်ရှားသူရဟန်းသံဃာတော်များဦးဆောင်၍ ဆန္ဒဖော်ထုတ်သူများက ဆန္ဒဖော်ထုတ်ရာတွင် ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူများအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုကို စုပေါင်းကာကွယ်ကြ၊ ပြည်ထောင်စုဖြိုကွဲမည့်အကြံဒို့လက်မခံ၊ မြန်မာပြည်တဝန်းမှာ ငြိမ်းချမ်းရေးပန်းများပွင့်လန်းပါစေ၊ အကြမ်းဖက်လုပ်ရပ်တွေ ချက်ချင်းရပ်၊ တိုင်းတစ်ပါးအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ ပြည်တွင်းရေးကိုစွက်ဖက်သူ ဒို့ရန်သူ၊ အမိမြေကိုကာကွယ်ကြ(Let Protect Our Mother Land)၊ ဒါ ငါတို့ပြည် ဒါငါတို့ပြည်ထောင်စု ဒါငါတို့ပြည်တွင်းရေး၊This is: Our Country, Our Union, Our Internal affairs၊ အချုပ်အခြာကို ထိပါးလာသူမှန်သမျှ ဆန့်ကျင်ကြ၊အပြစ်မဲ့ပြည်သူများကိုအတိဒုက္ခရောက်စေသောအကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်ပြီး ညနေ ၅ နာရီတွင် ဆန္ဒဖော်ထုတ်မှုပြီးဆုံးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## နိုင်ငံတော်သြဝါဒါစရိယရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက စည်ရှင်ကျောင်းဆရာတော် နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ သက်တော် ၈၅ နှစ် သိက္ခာ ၆၆ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ"ကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အားကစားကို စိတ်ပါဝင်စားသူများ(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**□ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**ပြည်သူများအနေဖြင့် ကောလာဟလများကိုယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့်အခြေအနေမျိုးဖြစ်ပေါ်နိုင်**ပါသည်။**ထို့ပြင်ဘဏ်များ၏ ပြင်ပတွင်ငွေသားများကို လိုသည်ထက်ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကိုပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်**ပါသည်။ပြည်သူများအနေဖြင့် **ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊မည်သည့်နေရာတွင်သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏စောင့်ကြည့်ခြင်းကိုလည်းခံရနိုင်ဖွယ်ရှိ**ပါသည်။ လက်ရှိအခြေအနေတွင် **ဘဏ်များတွင် ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် အသိပေးသတင်းထုတ်ပြန်**အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# မြစ်တစ်ဖက်မှာငိုနေသည်

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

"အောင်သောင်း ကြာလိုက်တာကွာ။ ငါတို့ မင်းကိုစောင့်နေတာကွ"

ရှုံ့စက်တွယ်ကပ်နေသော အနီရောင်လွယ်အိတ်ကလေးနှင့် သုံးခွမှိန်းကို ကိုင်ဆောင်လာသော အောင်သောင်းကို မြခိုင်တို့အဖွဲ့ စောင့်နေရတာကြာလာခြင်းကြောင့် စိတ်မရှည်ဟန်ပြောလိုက်ခြင်းဖြစ်သည်။

"ဒီကောင့်အကြောင်းတော့ ပြောမနေပါနဲ့ကွာ။ သွားနောက်၊ စားနောက်၊ သေရင် သူများထက် အရင်သေမဲ့ကောင်"

မြခိုင်တို့အဖွဲ့ တစ်ယောက်တစ်ပေါက်နှင့်ပြောဆိုဆူနေကြသည်ကို အောင်သောင်းတစ်ယောက် မသိလိမ့်နိုးနိုးနေလိုက်သည်။

"ကဲ သူငယ်ချင်းတို့သွားမယ်လေကွာ။ ရေကလဲတက်တော့မယ်ကွ။ ရေမတက်ခင်လေး အလုပ်ဖြစ်မှ ငွေကလေး လက်ဖျားသီးမှာကွ"ဟု ပြောပြောဆိုဆိုနှင့်ပင် အောင်သောင်းတစ်ယောက် မြခိုင်တို့အုပ်စုကို ဦးဆောင်ကာ လှေဆိပ်သို့ဆင်းလာခဲ့တော့သည်။

သစ်ချောင်းတိုရွာကလေးတွင် နေထိုင်ကြသူတို့သည် မိရိုးဖလာလယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူကများသည်။ လယ်ပိုင်ရှင်ကြီးများသည် လယ်ဧကပေါင်းများစွာကို ပိုင်ဆိုင်ကြသဖြင့် ၎င်းတို့လယ်လုပ်ငန်းခွင်အတွက် ရွာထဲရှိ နေ့စားလုပ်သူတချို့ကိုငှား၍ လယ်လုပ်ကိုင်နေကြသည်။ မိုးစပါးနှင့်နွေစပါး ကြားကာလနှစ်ခုသည် လယ်ယာခွင်အလုပ်သမားတို့၏ အားလပ်ရက်ဟုပင်ဆိုရပေလိမ့်မည်။ လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးပြီးသွားသောကြောင့် ထွန်တုံးများ ရေခြောက်သောလဟုပင်ဆိုကြသည်။ သို့သော် ထိုကာလတွင် လယ်သမားတိုင်း အပြည့်အဝနားရသည်မဟုတ်ချေ။ မိုးကျလျှင် ထင်းလောင်စာအတွက် ထင်းခွေ၊ ထင်းခုတ်ပြုလုပ်ရသည်။ ကျွဲတင်းကုပ်၊ နွားတင်းကုပ်၊ မိမိတို့နေထိုင်ရာအိမ်တို့အတွက် ဓနိမိုး၊ သစ်ကာ အစရှိသောအိမ်မှုကိစ္စများကို မိုးမကျမီ အပြီးပြုလုပ်ကြရသည်။ လယ်သမားနားရ တစ်လကိုပင် လယ်သမားနားတစ်ညသာဟု ပြောစမှတ်တွင်နေတော့သည်။

(၂)

ယခုလည်း မိုးစပါးကြီးမရိတ်သိမ်းမီ ထွန်တုံးခဏပိတ်ချိန်ဖြစ်သောကြောင့် အောင်သောင်းတို့တစ်သိုက်ကြွက်ရှာထွက်လာခြင်းဖြစ်သည်။ လယ်ကြွက်ရှာဖွေခြင်းသာ အမည်တပ်ထားသော်လည်း အိုင်တွေ့လျှင် ငါးပက်သည်။ ငှက်တွေ့လျှင် လေးခွနှင့်ပစ်သည်။ တစ်ခါတစ်ရံ တောကြောင်များတွေ့လျှင် ခွေးများ၊ မှိန်းများဖြင့် အမဲလိုက်တတ်ကြသေးသည်။

"ဟေ့ကောင် မြခိုင်တို့၊ လှကြိုင်တို့ မြန်မြန်လာကွ။ ရေငြိမ်လာပြီကွ။ ရေတက်တော့မယ်နဲ့တူတယ်ဟေ့"

"အောင်မာ ဟေ့ကောင် အောင်သောင်း မင်းက ပြောရရှိသေး။ မင်းကို ငါတို့စောင့်နေရလို့ကွ။ မင်းသာကြာမနေရင် ငါတို့ ဟိုဘက်ကမ်းရောက်နေတာ ကြာပေါ့"

မြခိုင်နှင့် အောင်သောင်း တစ်ယောက်အပြစ်တစ်ယောက်ပြောရင်း ရေကျချိန်ဖြစ်သောကြောင့် လတာပြင်မှ လှေကလေးကိုတွန်းချရင်း အုပ်စုလိုက်လှေပေါ်တက်လိုက်ကြတော့သည်။

"အောင်သောင်းရေ မနေ့က ကိုသက်ကြီးတို့အဖွဲ့ ဦးတင်မောင် လယ်ကွက်နားက လယ်ကြွက်သုံးပိဿာလောက်ရတယ်တဲ့ကွာ။ ဒီနယ်တစ်ဝိုက်မှာ သူ့စပါးခင်းက အရင်မှည့်တော့ စပါးရိတ်ချိန်ဆိုတော့ လယ်ကြွက်တွေ သူ့ကန်သင်းမှာ အသိုက်ဖွဲ့နေတဲ့ပုံပဲကွ။ ငါတို့ အဲဒီလယ်ကွက်ဘက်သွားကြမလား"

မြခိုင်ပြောသောစကားကို အောင်သောင်းတစ်ယောက် နားစွင့်ရင်း ခဏငြိမ်နေလိုက်သည်။ ထို့နောက် အတန်ကြာသော်-

"ဒီလိုရှိတယ်မြခိုင်ရ။ ကိုသက်ကြီးတို့အဖွဲ့က မနေ့က ဦးတင်မောင်လယ်ကွက်ထဲဝင်မွှေထားတော့ ကြွက်တွေက ခဏတော့ လန့်နေမှာပဲကွ။ ဒီတော့ ဦးတင်မောင်နဲ့ လယ်ကန်သင်းတင် ဒေါ်သိန်းကြည်တို့ လယ်ဘက်သွားမယ်ကွာ။ ဒေါ်သိန်းကြည်လယ်ကလဲ အဝါဖောက်လာပြီဆိုတော့ မှည့်ခါနီးပြီလေ။ ဒီကြွက်တွေ ဒေါ်သိန်းကြည်လယ်ကွက်ထဲ စားကျက်ရွှေ့လောက်တယ်ကွ။ ငါတို့ ဒေါ်သိန်းကြည် လယ်ကွက်ဘက်သွားမယ်ကွာ"

"ကဲ မြိုင်ရာဇာအောင်သောင်းရာ မင်းပြောသလိုပဲလုပ်ကြည့်ကြတာပေါ့ကွာ"

သည်လိုနှင့် အောင်သောင်းတို့တစ်သိုက် ဒေါ်သိန်းကြည်လယ်ကွက်သို့ ရောက်ရှိလာသည်။ လယ်တာရိုးဘေးတွင် ကြွက်ချေးစာများ တွေ့ရသဖြင့် တစ်ယောက်နှင့်တစ်ယောက် မေးငေါ့ကာ ပြုံးရောင်သန်းနေကြသည်။

(၃)

ခက်သည်က စပါးပေါ်ဦးအစမို့ လယ်သမားတိုင်းသည် ကြွက်ရှာ၊ ငှက်ရှာထွက်လာသူများကိုတွေ့လျှင် အော်ဟစ်မောင်းထုတ်တတ်ကြသည်။ လယ်တာရိုးဘေးစပ် ကြွက်တွင်းတွေ့လျှင် အရင်ဦးစွာ အမဲလိုက်ခွေးများကို အနံ့ခံခိုင်းသည်။ ကြွက်အနံ့ခံမိသွားသောခွေးသည် ထိုကြွက်တွင်းဝသို့ နှုတ်သီးသွင်းကာ တရှုးရှုးတရှဲရှဲဖြင့် လေများမှုတ်သွင်းနေတတ်သည်။ ရှေ့ခြေနှစ်ချောင်းကလည်း ထိုကြွက်တွင်းဝကို ကုတ်ခြစ်၍ တွင်းနှုတ်ခမ်းချဲ့နေတတ်သည်။ ထိုအသွင်အပြင် လက္ခဏာပြလျှင် ဤတွင်း၌ ကြွက်ရှိကြောင်းကို အောင်သောင်းတို့ ကြွက်လိုက်သမားတစ်စု သိနေကြသည်။ ယခုလည်း သူတို့နှင့်အတူပါလာသော ကြွက်လိုက်ခွေးက တွင်းဝ၌ ကြွက်ရှိကြောင်းလက္ခဏာပြနေသဖြင့် အောင်သောင်းတို့အုပ်စု တာရိုးကို ပေါက်တူးဖြင့် ပေါက်ရပေတော့မည်။ ထိုသို့ပေါက်ရာတွင် တာတစ်ခုလုံး ပျက်စီးနိုင်သောကြောင့် လယ်ပိုင်ရှင်များက ကြွက်လိုက်သမားများလာလျှင် စောင့်ကြည့်၍ အော်ဟစ်မောင်းထုတ်တတ်ကြသည်။

"ကဲမြခိုင် ကြွက်တွင်းတော့တွေ့ပြီကွ။ မင်းကောင်တွေကို တူးခိုင်းကွာ။ ကျန်တဲ့ကောင်တွေ ရေခပ်ခိုင်း။ မင်းနဲ့ငါ တွင်းနှုတ်ခမ်းဝက မှိန်းကိုင်စောင့်ကြတာပေါ့ကွာ"

မကြာမီ ကြွက်တွင်းဝကို ပေါက်တူးဖြင့် အနည်းငယ်ချဲ့ကာ တွင်းဝသို့ ရေလောင်းထည့်လိုက်သည်။ အချို့ကြွက်တွင်းများသည် ရေတော်တော်များများလောင်းထည့်ရသည်။ တော်တော်နှင့်ကြွက်က ထွက်မလာချေ။ စိတ်ရှည်ရှည်ဖြင့် စောင့်ရတတ်သည်။

"မြခိုင်ရေ ထွက်လာပြီကွ"

နှုတ်သီးပေါ်လာသည်။ အောင်သောင်း လူအသိစိတ်များပျောက်လာသည်။ အစားကြူးသောဘီလူးအသွင်ကဲ့သို့ မျက်နှာတစ်ပြင်လုံး နီရဲသယောင်ဖြစ်လာသည်။ ကတုန်ကယင်အသံများဖြင့် တွင်းဝကသားကောင်ကို အငမ်းမရစိုက်ကြည့်နေတော့သည်။

"ဟာ အောင်သောင်း ကြွက်ပေါက်စလေးတွေကွ။ ရေမွန်းပြီး တွင်းဝကိုတက်လာတာကွာ။ သနားပါတယ်ကွာ။ ဒီတွင်းထားခဲ့ရအောင်ကွာ။ အောင်သောင်းတစ်ယောက် မြခိုင်ကို မျက်မှောင်ကြုတ်ပြီးကြည့်လိုက်သည်။ စူးရှသောနေရောင်အောက်တွင် နီမြန်းနေသောမျက်နှာကြီးက မာထန်နေသည်။

"ဟေ့ကောင် မြခိုင် သတ္တဝါဆိုတာ လူ့ချတ်မှ ကျွတ်တာကွ။ ကြွက်လိုက်ထွက်လာပါတယ်ဆိုမှ သူတော်ကောင်းယောင် ဆောင်ပြနေပြန်ပြီ။ ဖယ်စမ်းကွာ"

ပြောပြောဆိုဆိုနှင့်ပင် သူအသင့်ကိုင်ထားသော သုံးခွမှိန်းကြီးနှင့် ကြွက်ပေါက်စလေးကိုထိုးကာ အမဲလိုက်ခွေးကိုကျွေးလိုက်သည်။

"ကဲ ဖေ့သားကြီးရေ ပွဲဦးထွက် မင်းအရင်စားလိုက်ကွာ"

အောင်သောင်း၏ ဒေါသရမ္မက်ကို မြခိုင် မတွန်းလှန်နိုင်တော့ချေ။ လိုချင်တပ်မက်မှုလောဘတစ်ခုက သတ္တဝါ၏အသက်ကိုပင် ငယ်သည်၊ ကြီးသည်မမှုတော့။ စကားမပြောဘဲ နေလိုက်ရုံမျှပင်ရှိချေတော့သည်။

(၄)

"ဟာ ငါအတန်တန်ပြောနေတဲ့ကြားထဲက တွင်းဝကို သေချာကြည့်ထားပါဆိုမှ။ အခုတော့ လွတ်သွားပြီကွာ။ ဟေ့ကောင် မြခိုင် မင်း သူတော်ကောင်းကြီးအလုပ်ကောင်းလို့ အခုဟင်းစားမရတော့ဘူးကွ။ အစကတည်းက သူတော်ကောင်းစိတ်မွေးချင်ရင် ငါနဲ့မလိုက်ဘဲ ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်နေခဲ့ပါလားကွာ"

တွင်းဝသို့ ရေမွန်းပြီး ခေါင်းပြူထွက်လာသော ကြွက်မကြီးကို အလျဉ်မီအောင် မှိန်းဖြင့် မြခိုင် မထိုးလိုက်နိုင်ချေ။ ဘေးတစ်ဖက်၌ ကြွက်ပေါက်စကလေးများကို မြိန်ရေရှက်ရေ စားသောက်နေသော ခွေးကိုကြည့်၍ မြခိုင်စိတ်မကောင်းဖြစ်နေသည်က အမှန်ပင်။ ထို့ကြောင့်ပင် ကြွက်မကြီး တွင်းဝထွက်လာသည်ကိုပင် သတိမပြုလိုက်မိချေ။

"ဒီနေ့လောက် ဘူကျတဲ့နေ့မရှိဘူးကွာ။ နေလဲညိုလာပြီဆိုတော့ ပြန်ဖို့ပဲရှိတော့တယ်။ ဟေ့ကောင် မြခိုင် ပြန်မယ်ကွာ"

စိတ်တိုနေသော အောင်သောင်း၏စကားသံသည် မာထန်နေသည်။ မိမိအပေါ် ဒေါသထွက်နေသဖြင့် မိမိကပင် မည်သို့မျှပြန်လည်မချေပဘဲ မြခိုင် ခေါင်းညိတ်ပြလိုက်သည်။ မြစ်ထဲ၌ ရေပြည့်နေသည်မို့ သူတို့စီးလာသောလှေကလေးမှာ ရေပြင်ပေါ်တွင် တက်နေသည်။ လေပြည်လေညင်းကလေးတို့သည် အောင်သောင်းတို့လှေကလေးဆီသို့ တိုးညင်းစွာတိုက်ခတ်သယ်ဆောင်သွားသော်လည်း လွတ်တဲ့ငါး ကြီးသည်ဆိုသည့်အတိုင်းပင် အောင်သောင်းစိတ်ထဲမှာတော့ ကြိတ်မနိုင်ခဲမရ အတွေးစတို့ကတော့ စိုးမိုးနေပေတော့သည်။

"ဟေ့ကောင် အောင်သောင်း မင်းကတော့ မှိန်းကလေးတကိုင်ကိုင်နဲ့ အကုသိုလ်အလုပ်တွေနဲ့ ပျော်နေတယ်ပေါ့။ ဟိုမှာ မင်း သား ချောင်းထဲရေချိုးရင်း ရေနစ်တာ အခု ကလေးအသက်မရှိတော့ဘူးကွ"

လှေဆိပ်တံတားကို လှေဦးတိုက်မည်ရှိသေးသည်။ ဦးလူကြီး၏စကားသံက အောင်သောင်းကို ထိတ်လန့်ချောက်ချားသွားစေတော့သည်။ ဇာတကာဇာတထဲတွင် အပြင်းဆုံးဖြစ်သည့် သားဇော၊ သမီးဇောက အောင်သောင်း၏ ပရိဒေဝမီးကို ထင်းလောင်စာဖြည့်ပေးလိုက်သလိုပင်။ သုတ်ခြေတင် ပြေးလာသော ခြေလှမ်းတို့ကြောင့် မျက်လုံးအိမ်ငယ်ထဲက ထွက်လာသောမျက်ရည်စတို့ လွင့်ကျန်နေတော့သည်။ ငါ့သားကလေး မရှိတော့ဘူးဆိုသောအတွေးက အောင်သောင်းပါးပြင်ထက်က ကျလာသော မျက်ရည်များကိုပင် ကျ၍ကျမှန်းပင်မသိတော့။

အိပ်ရာထက်၌ ပက်လက်ကလေး မှေးဆက်နေသော သားငယ်ကို ရင်ခွင်ပိုက်ပြီး မြန်မြန်နိုးလိုက်ပါတော့လားဟု အောင်သောင်းငိုနေပါသော်လည်း မြစ်တစ်ဖက်ကမ်းက ကြွက်မကြီးခမျာမှာတော့ တွင်းဝနားမှာပင် သူ့ကလေးများ ရှာမတွေ့သေးသဖြင့် အောင်သောင်းကဲ့သို့များ မျက်ရည်မိုးများ မြစ်ဖြစ်နေမလားတော့ မသိနိုင်တော့ချေ။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါး ၃၄၀၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ အခု ၃၄၀၉၇ ဧကစိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် လေးဧက တိုးပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့်ဆင်းသုခ ၇၀၂၅ ဧက၊ မနောသုခ ၄၇၇၈ ဧက၊ ရွှေသွယ်ရင် ၅၂၆၄ ဧက၊ ရောမင်းဧက ၁၇၀၃၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ ပေါင်းထိုးခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

## သူ့ဘက် ကိုယ့်ဘက် ရာသီစက်

- လင်းနေခြည် ဖြာတစ်လှည့်နဲ့
ဝလာရဲ့ သွမာယာ၊
နှုတ်ဆက်သလို မိုးပန်းတွေက
ရိုးမ ခန်းအောင်ရွာ၊
ကြည်တစ်လှည့် မှုန်တစ်ခါ
အာကာက ညိုညှင်း၊
မုတ်သုံရှင် အိမ်ပြန်ခရီးက
ကြီးစွာဖန်ဆင်း။

- လျှပ်နွယ် လျှံဝင်းပါဘိ
ဖြန့်ခင်းလို့ နေရာစုံ၊
ရပ်ရှစ်ခွင် အပြိုင်ကြဲလို့
မစဲအဟုန်၊
စောင့်မျှော်ရ ဝသန်ကုန်
ရေယမုံ သင်ဖြူး၊
ငွေဇာခြည် အနားကွန့်တော့
လှိုင်းတွန့်တွန့်မြူး။

- အကြောင်းသင့်ကာ ကူးပြီပါ့
ဆောင်းအသင့် လူးနှင်းမှုန်၊
စပါးရွှေဝါ ကောက်ပင်စိမ်းက
ယိမ်းကတစ်ဖုံ၊
မြေကြီးက ရွှေသီးတာယုံ
ပဲအစုံ နေကြာနှမ်း၊
မြေယာရှင် အားခွန်ပိုက်လျက်
စိုက်ဖို့ရွှယ်မှန်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

# ပေါက်ခေါင်းမြို့နယ် မိုးမည်ို(တောင်)ကျေးရွာ၌ ကုန်ထုတ်လမ်း မြေသားသိပ်သည်းမှုခံနိုင်အား စစ်ဆေး

**ပေါက်ခေါင်း နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးမည်ို(တောင်)ကျေးရွာ၌ ကုန်ထုတ်လမ်း မြေသားသိပ်သည်းမှုခံနိုင်အား စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်နှင့် ဝန်ထမ်းများ၊ ဟိန်းတေဇကုမ္ပဏီမှ တာဝန်ရှိသူများ၊ CBR တိုင်းတာရေးတာဝန်ခံအင်ဂျင်နီယာများနှင့်အတူ မိုးမည်ို(တောင်)ကျေးရွာ ကုန်ထုတ်လမ်း ခင်းခြင်းသည် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ လမ်းအရည်အသွေးကောင်းမွန်မှုရှိ၊ မရှိကို မြေသားသိပ်သည်းမှုခံနိုင်အား(CBR) တိုင်းတာရေးကိရိယာဖြင့် စစ်ဆေးခဲ့သည်။



အဆိုပါ ကုန်ထုတ်လမ်းအရှည် ပေ ၅၆၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် နှစ်ပေ မြေသားခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၅၁၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဟိန်းတေဇကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၇ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၂၀၀ ကျော်၏ စိုက်ပျိုးမြေဧက ၃၀၀ ကျော်မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# နတ်မောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းပြီးစီးမှု စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နတ်မောက်မြို့နယ် ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးလက်မ ကျောက်ချောခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၈၈၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ဇွန်လမှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ပြီးစီးမှုကြောင့် ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၃၁၈ အိမ်၊ လူဦးရေ ၁၅၅၇ ဦးတို့ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူက ပြောပြ၍ သိရသည်။

**ကျော်ဦး**

# မိုင်းဖြတ်မြို့နယ် ဟိုနားရှမ်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဟိုနားရှမ်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုနားရှမ်းကျေးရွာ၌ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရိုးသားပါ၊ ကြိုးစားပါ၊ မြင့်မားအောင်စွမ်းဆောင်ပါ

ဘုန်းမောင်ဝင်း(ဖျာပုံ)

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာခေတ်ရဲ့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ကျော်လွှားနိုင်ရေး ကြိုးပမ်းနေကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သဘာဝသယံဇာတအရင်းအမြစ်ဘယ်လောက်ပဲ ပေါများနေစေကာမူ လူသားအရင်းအမြစ်ကြွယ်ဝမှုမရှိရင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပါဘူး။ ကမ္ဘာ့နိုင်ငံတိုင်းက လူသားအရင်းအမြစ်ကြွယ်ဝစေဖို့ မျိုးဆက်သစ်လူငယ်တွေကို ဘက်ပေါင်းစုံမှာထူးချွန်ထက်မြက်အောင်ပြုစုပျိုးထောင်ပေးနေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားတဲ့နေရာမှာ လူသားအရင်းအမြစ်ဆိုတဲ့လူငယ်တွေဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ပေးနေပါတယ်။ ဒီကနေ့လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်တည်ဆောက်ကြရမဲ့မျိုးဆက်တွေဖြစ်ပါတယ်။ မျိုးဆက်သစ်တို့အနေနဲ့ အရာရာမှာတော်နေရမယ်။ တတ်နေသိနေရမယ်။ အဲဒီလိုဖြစ်အောင် လူငယ်တွေကိုယ်တိုင်ကကြိုးစားရမှာဖြစ်သလို လူကြီးတွေကလဲ ပြုစုပျိုးထောင်ပေးကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ လူငယ်တစ်ယောက်ချင်းစီရဲ့ အရည်အချင်းအလိုက်၊ ဝါသနာအလိုက်ပညာတွေ သင်ကြားနိုင်ဖို့ ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးနေပါတယ်။ ပညာဆိုသည်မှာ ဘောင်အကန့်အသတ်မရှိ၊ နက်ရှိုင်းကျယ်ပြန့်လှပါတယ်။ မိမိရဲ့ကာယ၊ ဉာဏစွမ်းအားအပေါ်မူတည်ပြီး ထူးချွန်ထက်မြက်မှာ ဖြစ်ပါတယ်။ ပညာအရည်အချင်းတူလျှင်သော်မှ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေသူက အမြဲသာလွန်နေပါလိမ့်မယ်။ နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်တည်ဆောက်ရာမှာ အသိပညာတစ်ခုတည်းဖြင့် တည်ဆောက်လို့မရနိုင်သလို လူတစ်ယောက်ချင်းစီရဲ့ဘဝမှာလဲ ထိုနည်းအတိုင်းပါပဲ။

အသိပညာနဲ့ အတတ်ပညာနှစ်မျိုးပေါင်းစပ်ပြီး နှံ့နှံ့စပ်စပ်ကျွမ်းကျင်တတ်မြောက်ထားမှသာ မိမိတို့တစ်ယောက်ချင်းစီရဲ့ဘဝကနေ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူ့ဘောင်အဖွဲ့အစည်းကိုတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အသိပညာကို အခြေခံပြီးလက်တွေ့နယ်ပယ်မှာ အတတ်ပညာရှင်အဖြစ်အများအကျိုးကို ဖော်ဆောင်ပေးနိုင်အောင် လူငယ်တိုင်းက ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒီနေရာလူငယ်တိုင်းကိုမီးမောင်းထိုးပြချင်တာတစ်ခုရှိပါတယ်။ အဲဒါကတော့"ရိုးသားပါ၊ ကြိုးစားပါ၊ မြင့်မားအောင်စွမ်းဆောင်ပါ"ဆိုတဲ့စကားတွေပါပဲ။

ဒီနေ့လူငယ်တချို့ဟာ အတုမြင်ရင် အတတ်သင်တတ်ကြပါတယ်။ အရာရာကိုစူးစမ်းလိုကြပါတယ်။ ကောင်းတဲ့နေရာတွင် အတုယူသည်မှာ ကောင်းတဲ့ကိစ္စဖြစ်ပါတယ်။ မကောင်းတဲ့အရာတွင် အတုယူရင်ကား မကောင်းတဲ့ကိစ္စဖြစ်လာမှာပါ။ မကောင်းတဲ့အရာ အရက်ကလေးတစ်ခွက်လောက်၊ မူးယစ်ဆေးဝါးလေးတစ်ပြားလောက် စူးစမ်းမိရင်တော့ မိမိဘဝရဲ့တိုးတက်မှုကို ဖျက်ဆီးနင်းခြေပစ်လိုက်တာနဲ့ တူပါတယ်။ အတုယူလွဲမှားတာမရှိအောင် ပြုမူနေထိုင်သင့်လှပါတယ်။

ဒီကနေ့ခေတ်ဟာနည်းပညာအမျိုးမျိုးရဲ့ ထိုးဖောက်ဝင်ရောက်မှုကြောင့် ပညာရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်တွေမှာ အတုယူလွဲမှားစေတဲ့အရာတွေ တွေ့မြင်နေကြရပါတယ်။ ဒီနေ့လူငယ်တွေရဲ့ ဆောင်ရွက်သမျှဟာ မိမိကိုယ်ကိုတိုးတက်ကြီးပွားဖို့ဖြစ်ပါတယ်။ ထို့အတူ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက်လဲဖြစ်ပါတယ်။ လူငယ်တိုင်း စိတ်ဓာတ်ခိုင်မာရမယ်။ မိမိနိုင်ငံရဲ့ ကြီးမားတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ၊ သမိုင်းကြောင်းတွေကိုလဲ ထဲထဲဝင်ဝင် လေ့လာသိရှိထားသင့်ပါတယ်။ နိုင်ငံတော်တစ်ရပ် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးဖို့မှာ မျိုးဆက်သစ်တွေကို ကောင်းမွန်စွာပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါတယ်။ အနာဂတ်မှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေဖြစ်လာကြမဲ့ လူငယ်အပေါင်းတို့ဟာ မိမိတို့အတွက် အသိပညာ၊ အတတ်ပညာတွေ တိုးတက်သည်ထက်တိုးတက်အောင် ရှာဖွေဖြည့်ဆည်းနေကြရမှာဖြစ်သလို တိုင်းပြည်နဲ့လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာသာသနာကိုတန်ဖိုးထားတဲ့ စိတ်ဓာတ်တွေကိုလဲမွေးမြူရမှာဖြစ်ပါတယ်။ သူများထက်ပိုတော်စေချင်ရင် သူများတွေထက်ပိုကြိုးစားရမှာပါ။ လူငယ်မှန်သမျှဟာ အနာဂတ်ကာလတွင် လူရွယ်တွေအဖြစ်၊ ထိုမှတစ်ဆင့်လူကြီးတွေအဖြစ် နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

ကျောင်းသား၊ ကျောင်းသူ၊လူငယ်မောင်မယ်တွေ တက်ရောက်သင်ကြားခဲ့တဲ့တက္ကသိုလ်ဆိုတာ ကျွမ်းကျင်မှုအလိုက် အသိအမှတ်ပြုလက်မှတ်ပေးပါတယ်။ ဒါ့ပြင် အဲဒီလက်မှတ်နဲ့ကိုက်ညီတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းလဲဖြစ်ချင်ဖြစ်မယ်။ ကိုယ်ပိုင်လုပ်ငန်းရှင်လဲ ဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုပဲဖြစ်နေပါစေ၊ ရိုးသားမှုရှိမယ်။ ကြိုးစားနေမယ်။ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်မားအောင်စွမ်းဆောင်နေမယ်ဆိုရင် တိုးတက်ခြင်းဆိုတာဖြစ်ပေါ်လာမှာပါပဲ။

ဒီနေရာမှာ လူငယ်မောင်မယ်တို့အတွက် စာရေးသူငယ်စဉ်က ဖတ်ခဲ့ရတဲ့ပုံပြင်တစ်ပုဒ်ကို အကျဉ်းချုပ်ဖော်ပြလိုပါတယ်။ ပုံပြင်ခေါင်းစဉ်က "မောင်ရိုးနဲ့ မောင်ဆိုး"တဲ့။ တစ်ခါက ရွာတစ်ရွာမှာ အပေးအကမ်းရက်ရောပြီး သူတစ်ပါး အပေါ် ကူညီရိုင်းပင်းတတ်သူတစ်ယောက်ရှိပါတယ်။ သူ့ကို အများက မောင်ရိုးလို့ခေါ်ကြပါတယ်။ တစ်နေ့မှာတော့ မောင်ရိုးက ခရီးသွားဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါ့ကြောင့် သူပိုင်ဆိုင်သမျှ ပစ္စည်းတွေကို ထုခွဲရောင်းချပြီး တောင့်တင်းသန်စွမ်းတဲ့ မြင်းတစ်ကောင်ဝယ်ပါတယ်။ မြင်းကို ကုန်းနှီးဆင်ပြီး အစာရေစာနဲ့ လမ်းခရီးအတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ကာ မြင်းပေါ်တင်ပြီး ခရီးထွက်ပါတယ်။

ခရီးသွားလို့မကြာခင်မှာ သူ့ရဲ့နောက်က အခြားမြင်းစီးသမားတစ်ယောက်လိုက်လာတာကို မောင်ရိုးသတိပြုမိပါတယ်။ သူကခေတ္တစောင့်ဆိုင်းပြီးကြိုဆိုကာ မိတ်ဆွေဖွဲ့လိုက်ပါတယ်။ အဲဒီလူနာမည်က "မောင်ဆိုး"တဲ့။ ဒီလိုနဲ့သူတို့နှစ်ယောက်ဟာ တစ်ခရီးတည်းသွားကြပါတော့တယ်။ နေ့လယ်စာ စားချိန်မှာတော့ မောင်ဆိုးက "အခု ကျုပ်တို့နှစ် ယောက်ဟာ ခရီးသွားဖော်တွေဖြစ်နေပြီပဲ။ ပါလာတဲ့ အစားအစာတွေ ဝေမျှစားကြတာပေါ့။ ခင်ဗျားယူလာတဲ့အစားအစာတွေကို အရင်စားကြမယ်။ ကုန်သွားတော့မှ ကျုပ်ယူလာတာတွေကို အတူစားကြတာပေါ့"လို့ ပြောပါတယ်။

မောင်ရိုးက "မောင်ဆိုးရဲ့ အကြံကောင်းသားပဲ၊ ဒီလိုပဲလုပ်ကြတာပေါ့"လို့ပြောလိုက်ပါတယ်။ ဒီလိုနဲ့ မောင်ရိုးရဲ့ ရိက္ခာထုပ်ကို ဖြည်စားလိုက်ကြပါတယ်။ အဲဒီလိုနဲ့ မောင်ရိုးမှာပါလာတဲ့ ရိက္ခာတွေဟာ ကုန်သွားခဲ့ပါတယ်။ မောင်ဆိုးရဲ့ အလှည့်ကိုရောက်ခဲ့ပါပြီ။ မောင်ဆိုးဟာ ထမင်းစားချိန် ရောက်တိုင်းသူ့အစားအစာတွေကို သူတစ်ယောက်တည်းစားပါတယ်။ မောင်ရိုးကို မကျွေးပါဘူး။

ဒီလိုနဲ့ကြာလာတော့ မောင်ရိုးလဲ သည်းမခံနိုင်တော့ဘဲ ပြောတဲ့အခါမှာတော့ မောင်ဆိုးဟာ "ကျုပ်က ပညာရှိပဲ။ ကျုပ်တို့ခရီးက ကြာရှည်မယ်။ ကျုပ်အစားအစာတွေကို ခွဲဝေစားမယ်ဆိုရင် မကြာခင်ကုန်သွားမှာပေ့ါ။ ဒီတော့နှစ်ယောက်စလုံးငတ်မယ်။ ကျုပ်အစားအစာတွေကို ကျုပ်တစ်ယောက်တည်းစားမှ ကျုပ်အသက်ရှည်မှာပေ့ါ"လို့ ပြန်ပြောပါတယ်။

ဒီတစ်ခါမှာ မောင်ရိုးကလဲ ပြတ်ပြတ်သားသား ဆုံးဖြတ်ရပါပြီ။ မိတ်ကောင်းဆွေကောင်းမဟုတ်တဲ့သူနဲ့ ခရီးသွားနေခြင်းဟာ သူ့အတွက် ရန်သူနဲ့ခရီးသွားနေရသလိုဖြစ်နေတာမို့ "မောင်ဆိုးရေ၊ မင်းနဲ့ ငါနဲ့ ဒီနေရာကနေလမ်းခွဲကြမယ်" ဆိုပြီး လမ်းခွဲလိုက်ကြပါတယ်။

❖ အနာဂတ်မှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေဖြစ်လာကြမဲ့ လူငယ်အပေါင်းတို့ဟာ မိမိတို့အတွက် အသိပညာ၊ အတတ်ပညာတွေ တိုးတက်သည်ထက်တိုးတက်အောင် ရှာဖွေဖြည့်ဆည်းနေကြရမှာဖြစ်သလို တိုင်းပြည်နဲ့လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာသာသနာကိုတန်ဖိုးထားတဲ့ စိတ်ဓာတ်တွေကိုလဲ မွေးမြူရမှာဖြစ်ပါတယ်။ သူများထက်ပိုတော်စေချင်ရင် သူများတွေထက်ပိုကြိုးစားရမှာပါ။ လူငယ်မှန်သမျှဟာ အနာဂတ်ကာလတွင် လူရွယ်တွေအဖြစ်၊ ထိုမှတစ်ဆင့်လူကြီးတွေအဖြစ် နိုင်ငံတော်တာဝန်တွေကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ❖

မောင်ရိုးဟာ မြင်းစီးပြီး ခရီးဆက်ခဲ့ရာ နေဝင်ချိန်မှာ လူသူကင်းမဲ့တဲ့စက်ရုံပျက်တစ်ခုကို ရောက်လာခဲ့ပါတယ်။ သူ့မြင်းကို စားကျက်မောင်းလွှတ်ပြီး တစ်ညတာ အိပ်စက်ဖို့စက်ရုံပျက်အတွင်းကို ဝင်ခဲ့ပါတယ်။ စက်ရုံအတွင်းထောင့်တစ်ထောင့်မှာ ပိတ်ဆို့ထားတဲ့ ကျောက်တုံးကြီးတစ်တုံးကိုတွေ့လို့ ကျောက်တုံးရဲ့နောက်ကွယ်မှာ လှဲအိပ်လိုက်ပါတယ်။ ချက်ချင်းပဲအိပ်ပျော်သွားပါတယ်။

မကြာမီမှာ ဆူဆူညံညံအသံတွေကြောင့်မောင်ရိုး ရုတ်တရက်လန့်နိုးခဲ့ပါတယ်။ ကျောက်တုံးနောက်ကွယ်ကနေ ချောင်းကြည့်လိုက်တဲ့အခါမှာတော့ ခြင်္သေ့၊ ကျား၊ ဝံပုလွေနဲ့မြေခွေးတို့ဟာ လရောင်အောက်မှာ ဝိုင်းဖွဲ့စကားပြောနေတာကို တွေ့လိုက်ရပါတယ်။ ခြင်္သေ့ကြီးက လူနံ့ရတယ်ဟေ့လို့ပြောသံကြားလိုက်တဲ့အခါ မောင်ရိုး တုန်လှုပ်သွားပါတယ်။ ဒါပေမဲ့ ကျားကြီးက "ဒီလိုစက်ရုံပျက်ကြီးထဲ ဘယ်သူမှမဝင်ရဲပါဘူး" လို့ပြောပါတယ်။ ဝံပုလွေကလဲ "ဒီလိုနေရာမျိုးလာရင် ခင်ဗျားသတ္တိရှိရမှာပေ့ါ" လို့ထပ်ပြောလိုက်ပါတယ်။ ဝံပုလွေရဲ့အဆိုပြုချက်ကို မြေခွေးကလဲ သဘောတူလိုက်ပြီး "ကဲ ဘာမှစိတ်အနှောင့်အယှက်ဖြစ်စရာမရှိပါဘူး။ ကျုပ်တို့သိတာတွေ အခါတိုင်းလိုပဲပြောကြတာပေ့ါ"လို့ အကြံပေးပါတယ်။

အဲဒီလိုနဲ့ ခြင်္သေ့၊ ကျား၊ ဝံပုလွေနဲ့ မြေခွေးတို့ဟာ သူတို့သိထားတဲ့လျှို့ဝှက်ချက်တွေကို အပြန်အလှန်ပြောကြပြီးနောက် သူတို့ပြန်သွားကြပါတယ်။ အဲဒီတော့မှ မောင်ရိုးဟာ ပုန်းအောင်းနေရာကနေ ထွက်လာပြီး ကျားကြီးပြောသွားတဲ့အကြောင်းအရာမှန်၊မမှန် စက်ရုံခေါင်မိုးပေါ်ကို တက်ကြည့်ပါတယ်။ ကြွက်တွေဟာရွှေဒင်္ဂါးပြားတွေပေါ်မှာ ပျော်ရွှင်စွာကခုန်မြူးထူးနေကြပါတယ်။ မောင်ရိုးကကြွက်တွေကို မောင်းထုတ်လိုက်ပြီး ရွှေဒင်္ဂါးတွေကို ကောက်ယူအိတ်ထဲထည့်ပြီး အနီးဆုံးရွာတစ်ရွာမှာ ညအိပ်အနားယူဖို့ မြင်းကိုအမြန်စီးပြီး ထွက်လာခဲ့ပါတယ်။

နောက်နေ့မှာတော့ ဝံပုလွေပြောတဲ့အတိုင်း သိုးထိန်းထံသွားပြီး အထူးဆေးမြစ်ကိုရွှေဒင်္ဂါးတချို့ပေးပြီးဝယ်လိုက်ပါတယ်။ အဲဒီနောက် ရွှေမြို့တော်မှာ နာမကျန်းဖြစ်နေတဲ့မင်းသမီးလေးရဲ့ရောဂါကို ကုသပေးလိုက်ပါတယ်။ မင်းသမီးလေးရောဂါပျောက်သွားတဲ့အခါမင်းသမီးလေးနဲ့မောင်ရိုးကိုဘုရင်ကြီးက လက်ထပ်ပေးလိုက်ပြီး အိမ်ရှေ့မင်းသားအရာကိုပေးပါတယ်။ ဒါပေမဲ့ မောင်ရိုးက သူ့မှာကြီးမားတဲ့အကြံအစည်ရှိနေတာမို့ အိမ်ရှေ့မင်းသားရာထူးကို လက်မခံသေးပါဘူး။

မောင်ရိုးဟာ မြေခွေးပြောတဲ့ နန်းတော်ဟောင်းနေရာကို မင်းသမီးလေးနဲ့အတူထွက်လာခဲ့ပါတယ်။ နန်းတော်ဟောင်းကိုပြန်လည်တူးဖော်ပြီး လှပတဲ့စံအိမ်တော်ကို ဆောက်လုပ်နေထိုင်ပါတော့တယ်။

နွေဦးရာသီရဲ့နေ့တစ်နေ့မှာမောင်ရိုးဟာ သူ့ရဲ့ဇနီး၊ သားသမီးတွေနဲ့အတူ ဥယျာဉ်အတွင်းမှာ လမ်းလျှောက်နေပါတယ်။ ခပ်လှမ်းလှမ်းမှလူတစ်ယောက်မြင်းစီးလာနေတာကို လှမ်းမြင်ရပါတယ်။ အနီးကိုရောက်လာတဲ့အခါမှာတော့ သူနဲ့ခရီးသွားဖော်ဖြစ်ခဲ့တဲ့ မောင်ဆိုးဖြစ်နေပါတယ်။

မောင်ဆိုးကမောင်ရိုးရဲ့ ကြီးပွားချမ်းသာအောင်မြင်လာပုံကိုမေးမြန်းပါတယ်။ မောင်ရိုးကလဲ အမှန်အတိုင်းပြောပြလိုက်ပါတယ်။ အဲဒီအခါမှာတော့ မောင်ဆိုးဟာ မောင်ရိုးတွေ့ခဲ့တဲ့စက်ရုံပျက်ဆီကို သွားခဲ့ပါတယ်။ တိရစ္ဆာန်တွေရဲ့လျှို့ဝှက်ချက်တွေကို သိရရင် သူလဲ မောင်ရိုးလိုချမ်းသာမှာပဲလို့လဲ တွေးနေမိပါတယ်။

မောင်ဆိုးဟာ စက်ရုံထောင့်က ကျောက်တုံးကြီးနောက်ကွယ်မှာပုန်းအောင်းနေလိုက်ပါတယ်။ ခြင်္သေ့၊ ကျား၊ ဝံပုလွေနဲ့ မြေခွေး တို့စက်ရုံထဲဝင်လာတာကို တွေ့ရပါတယ်။ မောင်ဆိုး တစ်ယောက်သတင်းထူး၊ သတင်းကောင်းတွေ ရတော့ မှာပဲလို့တွေးပြီး ပျော်နေစဉ်မှာပဲ ခြင်္သေ့ကြီးက "ဟိုက် လူနံ့ရပြန်ပြီဟေ့"လို့ စတင်ပြောပါတယ်။ ကျားကလဲ "အရင်က ကျုပ်တို့လျှို့ဝှက်ချက်တွေကို သိသွားတဲ့ လူဖြစ်မှာပဲ"လို့ ပြောပါတယ်။ ကျန်တဲ့တိရစ္ဆာန်တွေကလဲ ကြွက်တွေရဲ့ ရတနာတွေကို လူတစ်ဦး တစ်ယောက်ကယူသွားတာဖြစ်မယ်။ အဲဒီတုန်းက ခြင်္သေ့က လူနံ့ရတယ်လို့ပြောခဲ့တာ အမှန်ပင်ဖြစ်မှာလို့လဲ သဘောပေါက်လာကြပါတယ်။ ဒါကြောင့် သူတို့ လိုက်လံရှာဖွေလိုက်တဲ့အခါမှာတော့ ကျောက်တုံးနောက်ကွယ်မှာပုန်းနေတဲ့ မောင်ဆိုးကို တွေ့သွား ကြပါတယ်။ နောက်ဆုံးမှာတော့ မောင်ဆိုးဟာ တိရစ္ဆာန်တွေရဲ့ကိုက်ဖြတ်စားသောက်ခြင်းကိုခံခဲ့ရပါတယ်။ ပုံပြင်လေးကဒါပါပဲ။

ဒါဟာလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ထုတ်ဝေခဲ့တဲ့ အာရှရိုးရာပုံပြင်တွေထဲက တစ်ပုဒ်ဖြစ်ပါတယ်။

မိမိက ဘယ်လိုပဲရိုးသားစိတ်ရှိနေပါစေ၊မိမိအပေါ် မရိုးမသား၊ ကလိမ်ကကျစ်စိတ်နဲ့ ပြုမူလာရင်တော့ လမ်းခွဲလိုက်တာဟာ အကောင်းဆုံးပါပဲ။ ဒါတွေဟာ ကျောင်းသား၊ ကျောင်းသူတွေအစ ရုံးဝန်ထမ်းတွေအလယ်၊ ကုန်သည်ပွဲစားတွေအဆုံး ပြုကျင့်ရမဲ့ နမူနာပဲဖြစ်ပါတယ်။ အလားတူပါပဲ နိုင်ငံတော်ကို ဦးဆောင်နေတဲ့အဖွဲ့အစည်းတွေမှာလဲ မရိုးသားတဲ့သူတွေကိုလက်တွဲဖြုတ်လိုက်တာဟာ ကောင်းမွန်တဲ့ လုပ်ရပ်ပါပဲ။ လူငယ်အရွယ်ကတည်းက ရိုးသားတဲ့စိတ်၊ ဖြောင့်မတ်မှန်ကန်တဲ့စိတ်ကိုမွေးမြူကြရပါမယ်။ ကျင့်သုံးကြရပါမယ်။ ရိုးသားတဲ့စိတ်ဟာ တန်ဖိုးအမြင့်မားဆုံးပါပဲ။ မိမိတို့ဘဝရဲ့အောင်မြင်မှု အထောက်အပံ့ကောင်းလဲဖြစ်ပါတယ်။

ဒီကနေ့ လူငယ်မောင်မယ်တွေကို မေးချင်တဲ့မေးခွန်းတစ်ခုကတော့ "သင်ဟာ မောင်ရိုးလား၊ မောင်ဆိုးလား"ဟူ၍ သာ။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စု များဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သော ကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည် ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၂၅၀ စိုက်ပျိုးပြီးစီး



**ဝက်လက် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီး ဟင်းရွက် ဧက ၄၂၅၀ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်း ရွက် ၄၂၅၀ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် လျာ ထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၄၂၅၀ စိုက်ပျိုးဖို့အတွက် လျာထားခဲ့ရာ ဒီနေ့ထိ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါ တယ်။ သီးနှံတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်း မုန်လာ၊ ရုံးပတီသီး စတဲ့သီးနှံတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်း သီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူ တွေကို နည်းပညာပေးလျက်ရှိပါ တယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်းအနည်း ဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက် ညီအောင် စိုက်ပျိုးဖို့ တောင်သူ တွေကို နည်းပညာတွေပေးတယ်” ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူ များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန က GAP နည်းစနစ်ဖြင့် စိုက် ပျိုးရန်အတွက် နည်းပညာသင်တန်း ပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိ လာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံ ဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက် များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၅၂၃၀ စိုက်ပျိုးရန်အတွက် လျာထားကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုး ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်း က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ခြံကလေး-သမင်ကုန်းလမ်းတွင် ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်း စေပြီး လူမှုစီးပွားဘဝ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ် ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခြံကလေး-သမင်ကုန်းကျေးရွာချင်း ဆက်လမ်းတွင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင် ရွက်နေမှုကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဘားအံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ခြံ ကလေး-သမင်ကုန်းကျေးရွာချင်း ဆက်လမ်းတွင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင် ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက် ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ခြံကလေး- သမင်ကုန်းကျေးရွာချင်းဆက်လမ်း တွင် အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ် တံတား တည်ဆောက်ခြင်းလုပ်ငန်း ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၃၅ ဒသမ ၆၄သန်းဖြင့် ခနတိုးပွား ကုမ္ပဏီက ယခုနှစ် မေလ တတိယ ပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခု အခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ် ငန်းများပြီးစီးပါက ကျေးလက်နေ ပြည်သူများ ရာသီမရွေး သွားလာ ရေး အဆင်ပြေတော့မည်ဖြစ် ကြောင်း သိရသည်။ **ဆက်လှ**

စာပေမြင့်မှ လူမျိုးတင့်မည်

# တန်ဆောင်မုန်းလရာသီနှင့် ခဝဲသီးဓာတ်စာ

ပေါက်ပေါက်



မြန်မာပြက္ခဒိန်၏ ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်ဖြစ်သည်။ တန်ဆောင်မုန်းဟူသောဝေါဟာရကို ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်"ဟုရေးထိုးကြသည်။ ရှတ်ဆိုခေါ် ဝေါ်ရာဥ္စမှုကား "တန်ဆောင်မှုန်း"ဖြစ်၏။ ထိုမှ တန်ဆောင်မုန်းသို့ ရွေ့လျားလာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ "တန်ဆောင်"မှာ "မီးတိုင်"၊ "မှုန်း"မှာ "ပျံ့နှံ့စေခြင်း"ဟု အဓိပ္ပာယ်ရပြီး ထိုဝေါဟာရနှစ်ခုပေါင်းလိုက်လျှင် "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟု ဆိုလိုကြောင်း မှတ်သားရပါသည်။

**တန်ဆောင်မုန်းလနှင့် ပွဲတော်**

တန်ဆောင်မုန်းလသည် မြန်မာတို့၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်သက်ဝင်မှုများဖြင့် ပြည့်နှက်နေပါသည်။ ဘာသာရေးဆိုင်ရာ ပွဲတော်နှင့် အခမ်းအနားများမှာ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ကျီးမနိုးပွဲ၊ မသိုးသင်္ကန်းရက်လှုပွဲ၊ ပံ့သကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည်တို့ဖြစ်ကြသည်။ အဆိုပါပွဲတော်များအနက် အထင်ရှားဆုံးမှာ ကထိန်ပွဲဖြစ်ပါသည်။ "ကထိန်" သည် "ကထိန" ဟူသောပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသော အမည်ဖြစ်ပြီး ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသောကထိန်အမှုနှင့်စပ်သမျှအရာအားလုံးကို ခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသည့်အမည်ဖြစ်သည်။

ကထိန်သင်္ကန်းကပ်လှူပွဲသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာကာလဖြစ်ပါသည်။ ကထိန်သင်္ကန်းကပ်လှူရခြင်းကြောင့် အလှူရှင်များအနေဖြင့် သွားလေရာအရပ်ရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာသွားလာရခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ ပစ္စည်းများရှာဖွေရာတွင် သူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက်ရခြင်း၊ ရုပ်ရည်အဆင်း ချောမောလှပခြင်း ဟူသောအကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ကျမ်းဂန်များက ဆိုပါသည်။

"မသိုးသင်္ကန်း"ရက်လှူပူဇော်ပွဲသည်လည်း ထင်ရှားသည့် အလှူဒါနတစ်ခုဖြစ်သည်။ မသိုးသင်္ကန်းဟူသည် နေ့မကူး၊ ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟုခေါ်ဆိုခြင်းဖြစ်သည်။ မသိုးသင်္ကန်းကို ကထိန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ လဆန်း ၁၄ ရက် ညနေပိုင်းတွင် စတင်ရက်လုပ်ကြပြီး လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ ကပ်လှူကြရသည်။

**တန်ဆောင်မုန်းလနှင့် ခဝဲသီးဓာတ်စာ**

ရုက္ခဗေဒသဘောအရ Cucurbitaceae မျိုးစိတ်ဖြစ်သော ခဝဲသီးသည် ဘူး၊ ဖရုံ၊ သခွား၊ သပွတ်ပင်တို့နှင့် မျိုးနွယ်တူဖြစ်ပါသည်။ သို့သော် အစိမ်းရောင်နွယ်ပင် ခဝဲသီးပင်လေးများ (Ridge Gourd) ပေါက်ရောက်ရာ ဇာစ်မြစ်သည် အာဖရိကတိုက်၏ သဲကန္တာရထဲရှိ အိုအေစစ်များဖြစ်ကြပြီး ထိုမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လာခြင်းဖြစ်ကြောင်းကို လေ့လာသိရှိရပါသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပန်းများတွင် တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ "ခဝဲပန်း"ဖြစ်ပါသည်။ ခဝဲပန်းကို တန်ဆောင်မုန်းလ၏ နက္ခတ်ကြိုက်ပန်းအဖြစ်မှတ်ယူကာ "ခဝဲပွင့်တုန်း တန်ဆောင်မုန်း"၊ "ခဝဲပွင့်ချိန် ခင်းကထိန်"၊ "ခဝဲလိုင်လိုင် တန်ဆောင်တိုင်" စသည်ဖြင့် မှတ်တမ်းတင်ကြသည်။ ရှေးစာဆိုကဝိအကျော်အမော်တို့က ရာသီစာသီးနှံတစ်မျိုးဖြစ်သော ခဝဲသီးပင်၏ပန်းပွင့်ကို ဆယ့်နှစ်လရာသီတော်ဝင်ပန်းများစာရင်းတွင် ထည့်ထားခြင်းက စိတ်ဝင်စားစရာဖြစ်နေပါသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ စာရေးဆရာကြီး မင်းသုဝဏ်က **"ခဝဲပန်းကား ကဗျာဆရာတို့အဖို့ တန်ဆောင်မုန်းလ၏ ရာသီပန်းဖြစ်သည်။ တောချုံပုပ္ပါင်း(မူရင်းသတ်ပုံ)ပိတ်ပေါင်းတို့တွင် တလွန့်လွန့်တက်နေသော ခဝဲနွယ်ပင်အဆစ်တို့မှာ ဝါးကနဲ၊ ဝင်းကနဲ၊ ထိန်ကနဲ၊ လက်ကနဲ နံနက်နေရောင်ခြည်တွင်ပွင့်လန်းနေကြသော ခဝဲပန်းတို့ကို မြန်မာကဗျာဆရာတို့ လွန်စွာသတိပြုခဲ့ကြပုံရသည်။ ခဝဲပွင့်၏ ကြူညင်းသောရနံ့ကိုလည်း လွန်စွာအာရုံပြုကြခဲ့ပုံရသည်။ ထို့ကြောင့်လည်း ပန်းအများရှိသည့်အနက် ခဝဲပန်းကို သာလျှင် ရွေးချယ်ကာ တန်ဆောင်မုန်းလ၏ ရာသီပန်းအဖြစ် တင်မြှောက်ခဲ့ခြင်းဖြစ်ပေရာသည်"**ဟူ၍ မှတ်တမ်းတင်ထားကြောင်း ၁၉၆၆ ခုနှစ်ထုတ် ဆရာကြီးမင်းသုဝဏ် ရေးသားသော ဖိုးသူတော်ဦးမင်း၏သဘာဝပြက္ခဒိန်နှင့် အခြားစာများ စာအုပ်တွင် လေ့လာမှတ်သားရပါသည်။

အဝါရောင်တောက်တောက် ခဝဲပန်းလေးများကို အထူးတလည်အားဖြင့် ဘုရားတွင်မလှူ၊ လူများလည်း ဦးခေါင်းထက်ပန်ဆင်လေ့ မရှိကြသော်လည်း ဆေးဝါးဖော်စပ်ရာတွင် အသုံးတည့်လှပါသည်။ ခဝဲပန်းက ချိုအေးသောအရသာရှိကာ အစာကြေညက်လွယ်သည်။ အစားပျက်ခြင်း၊ ခံတွင်းပျက်ခြင်းအတွက် စားပေးသင့်သည်။ ထို့ကြောင့် ရာသီအပြောင်းအလဲ ဆောင်းဝင်ခါစ၌ လူအများ ခြေအေးဝမ်းရောင်၍ အစာမကြေရောဂါ ခံစားရတတ်ပေရာ ၎င်းအတွက် ခဝဲပွင့်လေးများက အချိန်မီပွင့်ပေးကြပြီး သဘာဝ၏ ဆေးဝါးအလို့ငှာ ထောက်ပံ့နေကြပါသည်။ ထို့ကြောင့်လည်း နွယ်ပင်မျိုးနွယ် ခဝဲပန်းကို ဆယ့်နှစ်လရာသီပန်းအဖြစ် မှတ်တမ်းပြုခံရခြင်းမှာ လျော်ညီလှပါသည်။

**ခဝဲသီးစားဖွယ်စုံ**

လတ်ဆတ်သော ခဝဲသီး၏အရောင်သည် အစိမ်းရင့်ရောင်ဖြစ်ပြီး အပေါ်ယံအခွံရှိ အမြောင့်ကလေးများသည် တောင့်တင်းနေသည်။ မရင့်မှည့်မီ အပင်မှ ခူးဆွတ်ပေးရပါမည်။ အရသာချိုအေးကာ နှစ်သက်ဖွယ်ရနံ့လည်းရှိသော ခဝဲသီးကို သူချည်းသက်သက် သားသတ်လွတ်ကြော်ခြင်း၊ အခြားဟင်းရွက်တို့ဖြင့် ရောနှောကာ အစိမ်းကြော်ခြင်း၊ နှစ်သက်ရာကြက်ဥ၊ ဘဲဥ၊ ပုစွန်၊ အသားပြုတ်တို့ဖြင့် မွှေကြော်ခြင်း၊ ပဲကြာဆန်ရောနှော၍ ကြော်ချက် ချက်စားခြင်း စသည်ဖြင့် အမျိုးမျိုးစားသုံးနိုင်ပါသည်။

**ခဝဲသီးနှင့်ကျန်းမာရေး**

- ခဝဲသီးထဲတွင် လူသားတို့ကျန်းမာရေးကိုကောင်းကျိုးပြုစေသည့် ဗီတာမင်နှင့် သတ္တုဓာတ် ၁၀ မျိုးပါရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေတတ်သော ပြည့်ဝဆီနှင့် ကိုလက်စထရောပါဝင်မှု လွန်စွာနည်းပါးသည်။ ထို့ပြင် ရေဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် အဝလွန်သူများနှင့် ကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအတွက် အသင့်တော်ဆုံးဖြစ်သည်။
- ချိုအေးသောအရသာရှိကာ အစာကြေညက်လွယ်စေပါသည်။
- အိန္ဒိယနိုင်ငံတွင် ပန်းနာရင်ကျပ်ရောဂါနှင့် အသည်းရောင်အသားဝါ ဝေဒနာသည်များကို ဆေးမြီးတိုအဖြစ် ခဝဲသီးဖျော်ရည်တစ်ခွက်ကို သကြားနှစ်ဇွန်းရောကာ တစ်နေ့နှစ်ကြိမ်တိုက်ကျွေးလေ့ရှိသကဲ့သို့ ခဝဲသီးအစေ့ကို အခြောက်လှန်း အမှုန့်ကြိတ်၍လည်း သောက်သုံးနိုင်သည်။
- ခဝဲသီးသည် အရက်သေစာသောက်သုံးခြင်းကြောင့် အသည်းထိခိုက်မှုကို ကာကွယ်ပေးသည့်အပြင် အသည်းကို သန့်စင်စေကာ အာဟာရပြန်လည်ဖြည့်တင်းပေးသဖြင့် အရက်သောက်သုံးသူများအတွက် အထူးသင့်လျော်သည်။
- ခဝဲသီးတွင် အင်ဆူလင်ဓာတ်ပါဝင်သောကြောင့် သွေးနှင့်ဆီးထဲရှိ သကြားပမာဏကို ထိန်းညှိပေးနိုင်သည်။
- ဆယ်လူလို့စ်ဓာတ်ပေါင်းတစ်မျိုး ပါဝင်နေခြင်းကြောင့် အစာအိမ်ကိုကောင်းကျိုးပြုကာ တကူ ကူးစက်ခြင်းမှလဲ ဟန့်တားကာကွယ်ပေးနိုင်သည်။
- သင်ရည်(သားနံရည်)ထွက်သော ရောင်ရမ်းသည့်အနာများအတွက် ခဝဲသီးပင်အမြစ်ပြုတ်ရည်ကို ဖန်ရည်အဖြစ်ဆေးပေးနိုင်သည်။
- ဝဲ၊ နှင်းခူ၊ ပွေးကွက်၊ ဒက်၊ အရေပြားယားယံကာ အနီကွက်ထခြင်း စသည့်အရေပြားရောဂါများအတွက် ခဝဲသီးပင်အရွက် သတ္တုရည်ဖြင့်လည်းကောင်း၊ ခဝဲသီးအစေ့မှထုတ်လုပ်သော အဆီဖြင့်လည်းကောင်း လိမ်းကျံပေးနိုင်သည်။ အနာကြီးရောဂါသည်များ ခဝဲသီးပင်အရွက် သတ္တုရည်ကို ကြက်သွန်ဖြူဖြင့် ရောစပ်လိမ်းပေးခြင်းဖြင့် သက်သာစေသည်။
- ခဝဲသီးကိုအခွံမနွာဘဲ ခပ်ပါးပါးလှီး၍ နေပူပူတွင်အခြောက်ခံကာ ရရှိလာသောအမှုန့်ကို အုန်းဆီပုလင်းထဲစိမ်၍ လိမ်းပေးခြင်းဖြင့် အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းကို ကာကွယ်ပေးသည်။
- ဘီတာကယ်ရိုတင်းဓာတ် မြင့်မားစွာပါရှိခြင်းကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေသည်။ မျက်လုံးအမြှေးပါးရောင်ရမ်းခြင်းနှင့် မျက်စိစွန်ခြင်းတို့အတွက် ခဝဲသီးသတ္တုရည်ကို မျက်စဉ်းအဖြစ် ဘေးဥပဒ်ကင်းဝေးစွာ ခတ်ပေးနိုင်ပါသည်။
- ထိခိုက်ပြတ်ရှဒဏ်ရာများအပေါ် ခဝဲသီးအနှစ်သားကိုလိမ်းအုံပေးခြင်းဖြင့် သွေးတိတ်စေကာ အနာမြန်မြန်ကျက်စေသည်။
- ခဝဲသီးကို မခူးဆွတ်သေးဘဲ အပင်ပေါ်တွင် ရင့်မှည့်ခြောက်သွေ့သွားသည်ထိ ပစ်ထားလိုက်ပါ။ ထို့နောက် အပင်ပေါ်မှခူးဆွတ်ကာ အသီး၏ အပေါ်ယံအခွံကိုနွာ၍ အစေ့များကို ဖယ်ထုတ်ပါ။ ၎င်းအသီးထဲရှိအမျှင်များကို ရေမြှုပ်ရော်ဘာအဖြစ် မိမိနှစ်သက်ရာဆပ်ပြာဖြင့် ရေချိုးသန့်စင်နိုင်ပါသည်။ ခဝဲသီးသည် သွေးကိုသန့်စင်ပေးနိုင်သည့် အစွမ်းသတ္တိရှိခြင်းကြောင့် ဝက်ခြံအဖုအပိမ့်များကို ပျောက်ကင်းစေကာ ခန္ဓာကိုယ်ပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးပြီး အရေပြားပြန်လည်စိုပြည်ချောမွေ့လာစေပါမည်။ (သို့သော် မလိုလားအပ်သော မှိုအန္တရာယ်မှကင်းဝေးစေရန် ထိုရေမြှုပ်ရော်ဘာကို တစ်ကြိမ်သုံးပြီးတိုင်း ကြေးညှော်အညစ်အကြေးများ သန့်စင်သည်ထိ စင်ကြယ်စွာ ဆေးကြောအခြောက်ခံပြီးမှသာ နောက်တစ်ကြိမ် အသုံးပြုသင့်ပါသည်)

❖ အဝါရောင်တောက်တောက် ခဝဲပန်းလေးများကို အထူးတလည်အားဖြင့် ဘုရားတွင်မလှူ၊ လူများလည်း ဦးခေါင်းထက်ပန်ဆင်လေ့မရှိကြသော်လည်း ဆေးဝါးဖော်စပ်ရာတွင် အသုံးတည့်လှပါသည်။ ခဝဲပန်းက ချိုအေးသောအရသာရှိကာ အစာကြေညက်လွယ်သည်။ အစားပျက်ခြင်း၊ ခံတွင်းပျက်ခြင်းအတွက် စားပေးသင့်သည်။ ထို့ကြောင့် ရာသီအပြောင်းအလဲ ဆောင်းဝင်ခါစ၌ လူအများ ခြေအေးဝမ်းရောင်၍ အစာမကြေရောဂါ ခံစားရတတ်ပေရာ ၎င်းအတွက် ခဝဲပွင့်လေးများက အချိန်မီပွင့်ပေးကြပြီး သဘာဝ၏ ဆေးဝါးအလို့ငှာ ထောက်ပံ့နေကြပါသည်။ ❖

- ... လိပ်ခေါင်းရောဂါမှ ကာကွယ်ပေးသည်။ ဝမ်းကိုက်ရောဂါအတွက် အရွက်ပြုတ်ရည်ကိုလည်းကောင်း၊ ဝမ်းပျော့ဆေးအဖြစ် အစေ့ကိုဝါးစား၍လည်းကောင်း၊ အစာအိမ်ထဲရှိ တုတ်ပြား၊ သန်ကောင်ပြားများကို သေစေရန်အတွက် ခဝဲသီးတစ်လုံးကို ရေနှစ်ခွက်ဖြင့်ပြုတ်ကာ ဆားရော၍ တစ်နေ့တစ်ကြိမ်မျှ သောက်ပေးခြင်းဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။
- အပူငြိမ်းစေ၍ ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေကာ ဆီးရွှင်စေသည်။ ဆီးကျောက်ကြေစေရန်အတွက် ခဝဲသီးပင်အမြစ်ကို နွားနို့ဖြင့် ပြုတ်သောက်ပေးသင့်သည်။
- နံနက်အိပ်ရာထ ခဝဲသီးကို မိမိနှစ်သက်ရာ အသီးအနှံတစ်ခုခုဖြင့်ရော၍ အရည်ညှစ်သောက်ပေးပါက ကိုယ်ခံစွမ်းအား တိုးတက်ကောင်းမွန်စေကာ ဖြင်ပရောဂါများ အလွယ်တကူ ...

သို့ဖြစ်ပါ၍ ခဝဲသီးပင်သည် တန်ဆောင်မုန်းလရာသီဓာတ်စာဖြစ်ပါသည်။ ရာသီစာသီးနှံပင်ဖြစ်သည့်အလျောက် ယခုကဲ့သို့ တန်ဆောင်မုန်းလရာသီတွင် ပို၍ပေါပေါများများရနိုင်ပြီး ချက်ပြုတ်ရာတွင်လည်း မြန်ဆန်လွယ်ကူသော အစိမ်းရောင်ခဝဲသီးလေးများကို မိသားစုကျန်းမာရေးအတွက် လက်လွတ်မခံသင့်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

# မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့

ကိုကျော်စွာ(ကျိုက်ပီ)

ထိုးကွင်းမင်ကြောင်ထိုးခြင်းသည် ရှေးမြန်မာတို့ဓလေ့တစ်ခုဖြစ်သည်။ ယခုအခါ ထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့သည် ပျောက်ကွယ်လုဖြစ်လာသည်။ သို့သော် ယခုအခါခေတ်စားလာသည်က Tattoo ထိုးခြင်းဖြစ်သည်။ ထိုးကွင်းမင်ကြောင်ကို ရှေးက "ကော်ရစ်၊ မင်သေ့"ဟုလည်း ခေါ်ကြသည်။

**ထိုးကွင်းမင်ကြောင် အဓိပ္ပာယ်**

ထိုးကွင်းမင်ကြောင်သည် လူ့ခန္ဓာကိုယ်ရှိ အရေပြားပေါ်တွင် ဆေးဖြင့်ထိုးခြင်းဖြစ်သည်။ ဆေးမင်ဖြင့်ထိုးသောကြောင့် ဆေးမင်ကြောင်ဟုလည်းခေါ်ကြသည်။ ဆေးမင်ကြောင်သည် ထိုးပြီးပြန်ဖျက်၍ မရပေ။ ထို့ကြောင့် ရှေးလူကြီးများက "အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခုမပိုင်လျှင် နောင်ပြင်နိုင်ရန်ခက်သည့်အမျိုး"ဟု ဆိုသည်။ "ထိုးကွင်း"ကို မြန်မာအဘိဓာန်တွင် ယောကျ်ား၏ ခါးနှင့်ပေါင်တွင် မင်ဖြင့်ထိုးထားသော အကွင်းအကွက်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ "မင်ကြောင်"ကိုမူ စုတ်ဖြင့်မင်တို့၍ ကိုယ်ခန္ဓာတွင် ထိုးနှံ့ထားသည့် အရုပ်၊ စာလုံး စသည်တို့ဖြစ်ကြောင်း ဖွင့်ဆိုထားသည်။ ထိုးကွင်းမင်ကြောင်ထိုးသည့် စုတ်တံသည် ပန်းချီရေးစုတ်တံမျိုးမဟုတ် အဖျားချွန်သော ကြေးစုတ်တံဖြစ်သည်။ စုတ်တံထိပ်ကိုဆေးတို့၍ အရေပြားပေါ်တွင် ရေးထိုးခြင်းဖြစ်သည်။ မြန်မာအဘိဓာန်တွင် ထိုးကွင်းနှင့် မင်ကြောင်ကို ခွဲခြားဖော်ပြထားသည်။ ထိုးကွင်းဟူသည် ကျေးလက်အခေါ်ဖြစ်ပြီး မင်ကြောင်ဟူသည် မြို့အခေါ် သို့မဟုတ် မြို့သုံးစကားဖြစ်သည်။ ထို့ကြောင့် ထိုးကွင်းနှင့်မင်ကြောင်သည် အခေါ်အဝေါ် ကွဲပြားသော်လည်း ရေးထိုးပုံစနစ်မှာ အတူတူဟု ဆိုရပေမည်။

**ထိုးကွင်းမင်ကြောင်ထိုးခြင်းရည်ရွယ်ချက်**

ထိုးကွင်းကို ရှေးမြန်မာအမျိုးသားတိုင်းလိုလို ထိုးလေ့ရှိပြီး ထိုးကွင်းထိုးမှ ယောကျ်ားပီသသည်ဟု သတ်မှတ်ကာ ထိုးကွင်းထိုးကြသည်။ ရှေးမြန်မာအမျိုးသားတို့သည် ခြင်းခတ်ရာတွင် ခါးတောင်းကို မြှောင်အောင်ကျိုက်၍ ခတ်ကြသည်။ ထိုအခါ ပေါင်တွင်ထိုးထားသော ထိုးကွင်းကိုအတိုင်းသားမြင်ရသည်။ ဝလုံးသင်္ကေန်အကွင်းများဖြစ်သည်။ သျှောင်ထုံး၊ ထိုးကွင်းဖြင့် ယောကျ်ားပီသသည်ဟုဆိုကြသည်။ တောင်ငူဘုရင်နတ်ရှင်နောင်၏ညီတော် မင်းရဲကျော်စွာသည် ထိုးကွင်းထိုးထားခြင်းမရှိသဖြင့် မင်းရဲကျော်စွာ၏ချစ်သူက ပြက်ရယ်ပြုဟန် ရတုရေးဖွဲ့ခဲ့သည်။ အချို့က ထိုးကွင်းမင်ကြောင်ကို ရည်ရွယ်ချက်ဖြင့်ထိုးကြသည်။ ထိုးကွင်းမင်ကြောင်ကို အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ အမှတ်အသားအဖြစ်လည်းကောင်း၊ မိမိနှစ်သက်စွဲလမ်းရာတစ်ခုခုအတွက်လည်းကောင်း၊ ရိုးရာဓလေ့အရလည်းကောင်း၊ အလှအပအဖြစ်လည်းကောင်း ထိုးကြသည်။ ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ လူမျိုးတစ်မျိုးရှိ လူငယ်များသည် လူလားမြောက် အရွယ်ရောက်ခြင်း အထိမ်းအမှတ်အဖြစ် ထိုးကွင်းမင်ကြောင်ထိုးကြကြောင်း သိရသည်။ စာရေးသူတို့နိုင်ငံတွင်လည်း မျက်နှာတွင် ဆေးမင်ကြောင်ထိုးခြင်းဓလေ့ရှိသည်။ "ပါးရဲ"ထိုးခြင်းဟုခေါ်ကြသည်။ ဆေးမင်ကြောင် အလှထိုးခြင်းကို ယနေ့ခေတ်တွင် Tattoo ထိုးခြင်းဟုခေါ်ကြသည်။ Tattoo ကို လှပသောကနုတ်ပန်းခက်များ၊ ရုပ်ပုံများ၊ ပန်းပွင့်များ စသည့်ဒီဇိုင်းအမျိုးမျိုးဖြင့် လှပအောင်ဆေးရောင်အမျိုးမျိုးဖြင့် ထိုးကြသည်။ Tattoo ကိုမူ အမျိုးသားများအပြင် အမျိုးသမီးများပါ ထိုးလေ့ရှိကြသည်။ အချို့က ဝါသနာအရထိုးကြသည်။ အချို့က အလှအပအဖြစ်ထိုးကြသည်။ အချို့က အရေးကြီးသော မြေပုံအညွှန်းအဖြစ် ခန္ဓာကိုယ်တွင်ထိုးကြသည်။

> ❖ မြန်မာတို့၏ထိုးကွင်းဓလေ့သည် ပုဂံခေတ်တွင် အရည်းကြီးတို့စခဲ့ပြီး သရေခေတ္တရာမှာ ဥတ္တမသီရိမထေရ်ကစခဲ့သည်။ လေ့သင်းအတွင်းဝန်မင်းရေးသည့် "တဇ္ဇတ္တဒီပနီ"၌ ထိုးကွင်းမင်ကြောင်သည် အရည်းကြီးတို့ကစခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ သက္ကရာဇ် ၅၉၆ ခုနှစ် သရေခေတ္တရာပြည်၌ မုဋ္ဌမင်းလက်ထက်တွင် ဦးဥတ္တမသီရိသည် မိကျောင်း၏ ဝမ်းဗိုက်ထဲမှရသော ကြေးပုရပိုက်တွင်ပါသည့်အက္ခရာများကို လူတို့၏ခန္ဓာကိုယ်၌ ဆေးမင်ကြောင်ဖြင့် ထိုးပေးရာမှ ထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့ ပေါ်ပေါက်ခဲ့သည်။ ❖

ပထမကမ္ဘာစစ်အတွင်းက ရန်သူစခန်းကို သူလျှိုအဖြစ်ဝင်ရောက်ကာ ရန်သူ၏အရေးကြီးသောနေရာများကို စုတ်တံဖြင့် ခန္ဓာကိုယ်တွင် ထိုးနှံ့ယူဆောင်ခဲ့ကြောင်း မှတ်သားရဖူးသည်။ ရှေးက ပြစ်ဒဏ်စီရင်သော ပါးကွက်အာဏာသားများတွင် ဆေးမင်ကြောင်ထိုးထားသည့်အကွက်များရှိသည်။ အဆိုပါဆေးမင်ကြောင်ကို ကြည့်ခြင်းအားဖြင့်လည်း ပါးကွက်အာဏာသားမင်းမှုထမ်းဖြစ်ကြောင်း သိနိုင်သည်။ ၎င်းတို့ကိုပင် အမှတ်အသားဖြင့်ထိုးခြင်း သို့မဟုတ် ရည်ရွယ်ချက်ဖြင့်ထိုးခြင်းဟုဆိုသည်။

**ဆေးမင်ကြောင်ထိုးခြင်းဓလေ့အစ**

ဆေးမင်ကြောင်ထိုးခြင်းဓလေ့သည် ပေါ်လီနီးရှင်းလူမျိုးများက စခဲ့သည်။ ဆေးမင်ကြောင်ကို အဆိုပါ လူမျိုးတို့၏ ဘာသာစကား "Ta Tau"ဟု ခေါ်ဆိုရာမှ အင်္ဂလိပ်အခေါ် "Tattoo" ဖြစ်လာသည်။ Tattoo ထိုးခြင်းကို မြန်မာလူမျိုးများအပါအဝင် ကမ္ဘာပေါ်ရှိ လူမျိုးတော်တော်များများ ထိုးကြသော်လည်း မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့သည်ကို တိကျစွာမသိရပေ။ အစောဆုံးဟုယူဆရသော ဆေးမင်ကြောင် အထောက်အထားတစ်ခုမှာ ဆိုက်ဗေးရီးယားဒေသရှိ ရေခဲပြင်မှ တူးဖော်ရရှိသော ဆေးမင်ကြောင်ပါသည့် ရုပ်အလောင်းများပင်ဖြစ်သည်။ အီဂျစ်နိုင်ငံ၌မူ ဘီစီ ၁၅ ရာစုနှင့် ၂၀ ရာစုခန့်ကပင် ဆေးမင်ကြောင်အတတ် ပေါ်ထွန်းခဲ့သည့် အထောက်အထားများတွေ့ရသည်။ အကြောင်းမှာ ဆေးစိမ်ထားသော ရုပ်အလောင်းများတွင် ဆေးမင်ကြောင်ထိုးထားသည့် သင်္ကေန်များ တွေ့ရသောကြောင့်ဖြစ်သည်။

**မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ဓလေ့**

မြန်မာတို့၏ ထိုးကွင်းထိုးခြင်းဓလေ့သည် ရှေးကတည်းကရှိခဲ့သော်လည်း ခုနှစ်သက္ကရာဇ်ကိုမူ အတိအကျမသိရပေ။ ထိုးကွင်းနှင့်ပတ်သက်၍ ဆရာတော်ရွှေကိုင်းသားက "ရှေးအခါက မြန်မာကြီးနှင့် မြန်မာငယ်တို့ကို ခွဲခြားမှတ်သားနိုင်စေရန် မြန်မာငယ် ခေါ် ပျူလူမျိုးများ ပေါင်တွင်ထိုးကွင်းထိုးထားကြသည်ဟု ဆိုသည်။ နောက်ထပ် ထိုးကွင်းဓလေ့ပေါ်ပေါက်လာခြင်းအကြောင်းတစ်ချက်မှာ ရှေးကမင်းသားတစ်ပါး တောလည်ရာမှ လမ်းမှား၍ ချင်းတောင်ဘက်သို့ရောက်သွားပြီး ချင်းအမျိုးသမီးတစ်ဦးနှင့်အကြောင်းပါကာ သားတစ်ဦးဖွားမြင်ပြီးမှ ချင်းအမျိုးသမီးမသိအောင် သားကိုခေါ်၍ မိမိနေရပ်သို့ပြန်လာခဲ့သည်။ ချင်းအမျိုးသမီးလည်း သိသိချင်း မင်းသား၏တိုင်းပြည်သို့လိုက်လာပြီး သားသည် မိမိနှင့်လည်းဆိုင်ကြောင်း၊ ထို့ကြောင့် သားကို တစ်ဝက်ဖြတ်ယူမည်ဟုဆိုရာ သင်နှစ်သက်သည့်အပိုင်းကို အမှတ်အသားပြုပါ။ မင်းသားက ထိုအမှတ်အသားပါသည့်အပိုင်းသည် သင်ပိုင်သည်ဟုဆိုရာ ချင်းမက မျက်နှာတွင် ထိုးလေ့ရှိသောပါးရဲကို မိမိပိုင်သည့်သား၏ကိုယ်တွင်ထိုး၍ အမှတ်အသားပြုလေသည်။ ထိုအချိန်မှစ၍ ထိုးကွင်းဓလေ့ ပေါ်လာသည်ဟုလည်းဆိုသည်။ သို့သော် တိကျခိုင်မာခြင်းတော့မရှိပေ။

မြန်မာတို့၏ထိုးကွင်းဓလေ့သည် ပုဂံခေတ်တွင် အရည်းကြီးတို့စခဲ့ပြီး သရေခေတ္တရာမှာ ဥတ္တမသီရိမထေရ်ကစခဲ့သည်။ လေ့သင်းအတွင်းဝန်မင်း ရေးသည့် "တဇ္ဇတ္တဒီပနီ"၌ ထိုးကွင်းမင်ကြောင်သည် အရည်းကြီးတို့ကစခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ သက္ကရာဇ် ၅၉၆ ခုနှစ် သရေခေတ္တရာပြည်၌ မုဋ္ဌမင်းလက်ထက်တွင် ဦးဥတ္တမသီရိသည် မိကျောင်း၏ ဝမ်းဗိုက်ထဲမှရသော ကြေးပုရပိုက်တွင်ပါသည့်အက္ခရာများကို လူတို့၏ခန္ဓာကိုယ်၌ ဆေးမင်ကြောင်ဖြင့် ထိုးပေးရာမှ ထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့ ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ထိုးကွင်းမင်ကြောင်ဓလေ့ကို ပထမဆုံး စတင်ခဲ့သူမှာ ဘိုးတော်ဘုရားလက်ထက်က ထောင်မင်းကြီး၏သားဖြစ်သူ မောင်ကံဖြစ်သည်ဟု ဆိုကြပြန်သည်။ ခါးမှဒူးထိ ထိုးကွင်းမင်ကြောင် ထိုးခြင်းကို မောင်ကံကစခဲ့သည်။ ယခင်က ထိုးကွင်းထိုးရာ၌ ပေါင်တစ်ဖက်တွင် ကြောင်ရုပ်ထိုးပြီး ကျန်တစ်ဖက်တွင် အမည်းကွက်သာထိုးလေ့ရှိသည်။ မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ဓလေ့စတင်ခဲ့ခြင်းကို တိကျသော ခုနှစ် သက္ကရာဇ်မရှိသော်လည်း သရေခေတ္တရာ၊ ပုဂံမှစ၍ ယနေ့ထိတည်ရှိနေသည်။ စာရေးသူတို့နိုင်ငံတွင် Tattoo ထိုးခြင်းကို အနုပညာလုပ်ငန်းတစ်ခုအဖြစ် ၂၀၀၀ ပြည့်နှစ်ခန့်က စတင်ခေတ်စားလာကြောင်း မှတ်သားရသည်။

**ထိုးကွင်းမင်ကြောင်ဖွဲ့ ကဗျာ**

ထိုးကွင်းမင်ကြောင်ထိုးခြင်းကို ရှေးဘုရင်များပင်နှစ်သက်ခဲ့ကြသည်။ အင်းဝခေတ် ဆင်ဖြူရှင်မင်းသည် ထိုးကွင်းမင်ကြောင်ခေါ် မင်သေ့ထိုးခြင်း နှစ်သက်ပုံကို မဏိရတနာပုံကျမ်း၌ "ဆင်ဖြူရှင်မျက်သုတ်နီ စွန်တော်ဝယ် ပေါက်စံကာ ကတော်မူသည်ကို လူအများနှစ်သက်၍ မိမိတို့လက်တွင် မင်သေ့ထိုးကြကုန်၏"ဟုဖော်ပြထားကြောင်း သိရသည်။ ထို့ပြင် ဟံသာဝတီမင်းတရားကြီး၏ သံတမန်များလည်း မင်သေ့ထိုးကြသည်။ သန်လျင်ရောက် ဟံသာဝတီမင်းတရားကြီးသည် မိမိကိုယ်တိုင် မင်သေ့ထိုးသည့်အပြင် အခြားသူများကိုပါ ထိုးစေသည်ဟု သူ၏ရတုတွင် ရေးသားထားသည်။ စာဆို ဝန်ကြီးပဒေသရာဇာကလည်း "ခါးဝန်းပေါ်စ၊ မင်သေ့မြနှင့်၊ သူမျှော်ထက်ထူး၊ အကြူးပင်ကို၊ တောင်းနောက်မိုနှင့်၊ ရွှန်းပျိုဖက်ရှင်၊ သည်ထိပ်တင်ကို၊ သိချင်ကျွန်မ၊ မေးသည်တည့်လေး" ဟုဖွဲ့ဆိုထားသည်။ တစ်ဖန် စလေဦးပုညကလည်း ဇီဝကဒုံးချင်းတွင် "သုံးရာ့နှစ်ဆယ်၊ ကျွဲအူစင်းနှင့်၊ ဘဲတောင်နိမ့်နှင့်၊ ခါးပုံဖွဲ့လို့ မင်းတဲ့ကော်ရစ်ကျော်နှစ်ပေါင်၊ လူပုံအယ်အောင်၊ ကောင်းတဲ့သက်ကြား"ဟုလည်းကောင်း၊ စာဆိုဦးအင်းကလည်း အဘိုးအိုရုပ်ဒုံးချင်းတွင် "ရွှေဘိုကုန်းဘောင် တည်ထောင်စကဖေးလောင်းဖုရားငယ် ကျွန်ယုံ ဂုဏ်ဖြိုင်ရပ်ဖြိုင် မဝါကြနှင့် မျို့ဦးသာစွရပ်များနောင်၊ ကော်ရစ်ခါးကြောင်ဆောင်ပုတီးနဲ့ တံတိုကြီးနှင့်ကာလပေါ်"ဟုလည်းကောင်း ရေးဖွဲ့ခဲ့သည်။

ကော်ရစ်ဟူသည် ထိုးကွင်းမင်ကြောင်၏ အခေါ်အဝေါ်တစ်မျိုးဖြစ်သည်။ ထို့ပြင် ကင်းဝန်မင်းကြီးဦးကောင်းကလည်း မြို့တော်ဝန်ဦးသာအိုးကို "ပါးပြင်မှာ မင်ဆေးနှင့် ယဉ်ကျေးတဲ့ပုံမူ၊ ဓားပြရန်ပယ်ကို နံလွယ်ကာ ကြိုးကြိမ်ပိုက်လို့"ဟု အစချီသည့် ကဗျာတစ်ပုဒ်ဖြင့် သရုပ်ဖော်ခဲ့သည်။ ထိုးကွင်းမင်ကြောင်ထိုးလျှင် အလွန်နာကျင်သည်။ သို့သော် အနာကျင်ရဆုံးနေရာများကို ရှေးစာဆိုများက "ထလို့ပြေးချင်ရေအိုးတင်၊ ဆရာအော်ဆဲဖရုံဆွဲ၊ မျက်ရည်စက်လက်တံကောက်ခွက်၊ အမေအော်သော တံကောက်ကြော၊ သေပြီစင်းစင်း ခါးပုံတွင်း၊ ပူစပ်ပူစပ် တင်ပါးချပ်" စသည်ဖြင့် ရေစပ်မှတ်သားခဲ့ကြသည်။

**ဆေးမင်ကြောင် အရုပ်များ**

ထိုးကွင်းမင်ကြောင် သို့မဟုတ် ယနေ့အခေါ် "Tattoo"ကို ဒီဇိုင်းပုံစံအမျိုးမျိုးထိုးကြသည်။ နတ်ရုပ်၊ နဂါးရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ ဘီလူးရုပ်၊ ငှက်ရုပ်၊ မျောက်ရုပ်၊ စပါးနှံ၊ ကိန်းရှာ၊ တိုးနရား၊ ဇော်ပျံ၊ တမာရွက်၊ ရေလှိုင်း၊ ဒေါင်း၊ စဓဗဝအက္ခရာ စသည်-တို့ကို ထိုးကြသည်။ "စဓဗဝ"ကို ရင်ညွှန့်၊ လက်မောင်းတို့တွင် အဆောင်အဖြစ်ထိုးကြခြင်းဖြစ်သည်။ စာရေးသူတွေ့ဖူးသည့် လူတစ်ဦးဆို ခန္ဓာကိုယ်ကို နဂါးပတ်ထားသည်။ အချို့ဆို အာဋ္ဌာဝကဘီလူးခေါင်းပုံကို ကျောနှင့် ရင်ဘတ်တို့တွင် ထိုးလေ့ရှိကြသည်။ ယခုခေတ်တွင် Tattoo အဖြစ် အလှအပအတွက်သာထိုးကြသည်။ ကနုတ်ပန်းဒီဇိုင်းအမျိုးမျိုး၊ ပန်းပွင့်ပုံအမျိုးမျိုး၊ အရုပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ဂလိပ်ပန်းစာလုံးများ စသည်ဖြင့် ထိုးကြသည်။ ယခင်က ထိုးကွင်းမင်ကြောင်ထိုးရာတွင် ဆေးအရောင်မှာ မင်ရောင်ဖြစ်သည်။ ယခုအခါ Tattoo ဆေးအရောင်မှာ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်လည်းရှိသည်။ ရှေးအခါက ဆေးမင်ကြောင်ကို ငါးကြင်းပါးဟက်၊ ခနုကွက်မန်ကျည်းဖတ်၊ ကန့်စွန်းနွယ်စသည့်အပြောက်အမျိုးမျိုးကိုသာထိုးကြသည်။ ရှေးလူများသည် ချက်မှ ဒူးဆစ်ထိထိုးသောအရုပ်မှာ အရုပ်ပေါင်း ၆၀ ကျော်ရှိသည်ဟုသိရသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မင်သေ့၊ ကော်ရစ်၊ ထိုးကွင်းမင်ကြောင်မှ ယနေ့ Tattoo အဖြစ်ခေါ်ဝေါ်ပြောင်းလဲခဲ့သဖြင့် ထိုးကွင်းမင်ကြောင်ဓလေ့ လုံးဝပျောက်သွားသည်ဟုမဆိုနိုင်ပါ။ ထိုးကွင်းမင်ကြောင်ကို နှစ်သက်သူရှိသလို မနှစ်သက်သူလည်းရှိသည်။ သို့သော် မြန်မာတို့၏ ထိုးကွင်းမင်ကြောင် ထိုးခြင်းဓလေ့သည် မြန်မာတွင်သာမက ကမ္ဘာပေါ်တွင်ခေတ်အဆက်ဆက်ကတည်ရှိခဲ့ကြောင်း ဗဟုသုတရရှိစေရန် ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ-၅**
- **မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့ ဆင်ဖြူကျွန်းအောင်သိန်း**
- **မြန်မာစကိုး ကဗျာကိုး မောင်ကြည်သန့်**

# ယခုနှစ် အောက်တိုဘာလတွင် သမဝါယမအသင်းများက ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး စုစုပေါင်း ငွေကျပ် သန်း ၅၀၀၀ ကျော်ဖိုး ရောင်းချပေးခဲ့




**နေပြည်တော် နိုဝင်ဘာ ၁၉**

ယခုနှစ် အောက်တိုဘာလတွင် သမဝါယမအသင်းများက ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး စုစုပေါင်း ငွေကျပ် သန်း ၅၀၀၀ ကျော်ဖိုး ရောင်းချပေးခဲ့ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနက မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစွာ လုပ်ကိုင်နိုင်ပြီး လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် သွင်းအားစုများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သွင်းအားစုများကို ရောင်းချပေးရာတွင် ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများကို စျေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးသူတောင်သူများ လက်ဝယ်အရောက် ရောင်းချပေးနေကြောင်း၊ ထိုသို့ ရောင်းချပေးရာတွင် အောက်တိုဘာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၇၈ မြို့နယ်မှ အသင်း ၆၀၂ သင်းက အသင်းသား ၁၀၉၈၂ ဦးကို ငွေကျပ် ၅၀၇၈ ဒသမ ၆ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ ၈၈၇၈၂ အိတ်၊ ငွေကျပ် သုည ဒသမ ၂၂၂ သန်းတန်ဖိုးရှိ မျိုးစေ့ခြောက်အိတ်နှင့် ငွေကျပ် ၂၀ ဒသမ ၂၈၉ သန်းတန်ဖိုးရှိ ပိုးသတ်ဆေးများရောင်းချပေးခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၅၀၉၉ ဒသမ ၁၁၁ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေးများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးနှင့် စိုက်ပျိုးရာသီအလိုက် တောင်သူများလိုအပ်သော သွင်းအားစုများကို အချိန်မီဝယ်ယူအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ထို့ပြင် ယူရီးယားဓာတ်မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီအနေဖြင့် မြန်မာနိုင်ငံ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး ရည်ညွှန်းစျေးနှုန်းကို နှစ်ပတ်လျှင် တစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် အမိက စိုက်ပျိုးသီးနှံ ဧက ၃၄ သန်းခန့်အတွက် သွင်းအားစု တန်ချိန် ၄၉၂၀၀၀ ကျော် လိုအပ်မည်ဖြစ်၍ စံချိန်စံညွှန်း ပြည့်ဝသောဓာတ်မြေဩဇာနှင့်သွင်းအားစုများကို အချိန်မီဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ SKL

# မကွေးမြို့နယ် သံဘိုရွာသစ်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုရွာသစ်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သံဘိုရွာသစ်စံပြကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village)ရန်ပုံငွေကျပ်သန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၀ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**အထွေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီစျေးနှုန်းများ

၂၀-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၀ | ၂၁၄၀ | ၂၂၄၀ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၂၈၆၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၁ | ၂၀၇၄ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

**မှတ်ချက်။** (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**








## ဝန်ထမ်းအမြန်အလိုရှိသည်

**Gold Water သောက်ရေသန့်စက်ရုံ**

၁။ **ယာဉ်မောင်း - (၂) ဦး**

- အသက် (၂၀) နှစ် မှ (၄၀) နှစ်ကြား
- အခြေခံလစာ 300,000/-

လိပ်စာ- 52 B၊ 128 လမ်းနှင့် 129 လမ်းကြား၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း -09-402579558 , 09-964579558

**သင့်သွေးဖြင့် အသက်ကယ်ပါ**


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်-ရွှေတောင်ကြား(၁)ရပ်ကွက်၊ မြေကွက်အမှတ်(၂၇)တွင် ဖွင့်လှစ်ထားသော S.V Resort Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၆၀၈၉ ၁၂၇၀)၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

S.V Resort Co.,Ltd သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်းနှင့် ၆၉လမ်းထောင့်ရှိ မြမန္တလာဟိုတယ်အား (၉-၇-၂၀၂၁) ရက်နေ့တွင် တင်ဒါအောင်မြင်ပြီး စာချုပ်ချုပ်ဆိုငှားရမ်းထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ မြမန္တလာဟိုတယ်အား ထွန်းလှ(Tun Hla) ဟိုတယ်အမည်ဖြင့် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဟိုတယ်အမည်ပြောင်းခြင်းအား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးအောင်မျိုးဦး(LL.B)** | **ဦးနိုင်မိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၂၃၀(၁၀-၅-၂၀၁၂)** | **စဉ်-၃၃၃၅၂(၂၆-၄-၂၀၁၀)** |
| **ဖုန်း-၀၉၄၂၂၂၀၃၅၄၄** | **ဖုန်း-၀၉၇၅၈၀၇၇၇၇၅၈** |

**အမှတ်(၂၁၅/၂)၊ပထမထပ်၊၃၆လမ်း(အထက်)၊(၃)ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ် . . .

❖ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင်မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကိုတည်ဆောက်နိုင်မည်ဖြစ် . . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည် မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့်အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါသတင်းများကို ဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများက စိုးရိမ်ပူပန်မှုများ မြင့်တက်ကာ ဘဏ်များမှ ငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။

မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ရာကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့်အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ☐

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်





တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့

စာမျက်နှာ ၁၇ ကော်လံ ၁ ☆


# ပဒုမ္မာဆပ်ပြာ

ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'



PADONMAR